EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၄၁) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” ( နိုဝင်ဘာ ၁၂ ၊ ၂၀၁၈ )

## ကချင်ပြည်နယ်၌ ယခုနှစ်အတွင်း တနိုင်းမြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် မိုင်းဒဏ်သင့်မှုအများဆုံးဖြစ်

စာ - ၂ သို့ »

မြစ်ကြီးနား၊ နိုဝင်ဘာ ၉

၂၀၁၈ ခုနှစ် မတ်လဆန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နတလ) ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ချီဖွေမြို့နယ်၊ လန်ဆယ်ကျေးရွာရှိ ထမ်းဒန်တံတား ပျက်စီးခဲ့ခြင်းမှာ ဒေသခံများ စုပုံထားသော သစ်တုံးများ ရေနှင့်အတူ မျောပါလာပြီး ထိခိုက်မိခြင်းကြောင့်ဖြစ်ကြောင်း နတလမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်း သစ်တုံးများသည် ၂၀၁၆ ခုနှစ်က လန်ဆယ်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၄ ရွာ၌ ရေဘေးအန္တရာယ်ကျရောက်သဖြင့် ၎င်းတို့၏ သစ်လုပ်ကွက်များနှင့် လပိချောင်း၊ ချီဝင်းချောင်းရိုးတစ်လျှောက်ရှိ သစ်မြစ်၊ သစ်တုံး၊ သစ်ကိုင်းများ မျောပါလာကာ ချောင်းဆုံနေရာဖြစ်သည့် လန်ဆယ်ကျေးရွာတွင် စုံပုံရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။




ဆောက်လုပ်ပြီး ၇ လ ကျော်အကြာတွင် ပျက်စီးသွားသည့် လန်ဆယ်တံတား

စာ - ၆ သို့ »

## ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ပြောင်းလဲ

စာ - ၄ သို့ »

## ကြားဖြတ်ရွေးကောက်ပွဲ ကြိုတင်မဲရလဒ်ကို မကျေနပ်၍ KDP ဥက္ကဋ္ဌ စာတင်မေးမြန်း

စာ - ၄ သို့ »

## ကချင်ပြည်နယ်ထုတ် ရက်ကန်းထည်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် စတင်အကောင်အထည်ဖော်

စာ - ၁၆ သို့ »

## ပြည်နယ်တွင်းပါတီများ ရလိုက်သော ကြားဖြတ်ရွေးကောက်ပွဲမှ သင်ခန်းစာ

စာ - ၃ သို့ »

## ၂၀၁၈ ဖိလစ်ပိုင် မင်ဒါနာအိုကျွန်းရဲ့ နိုင်ငံရေးအလှည့်အပြောင်း

စာ - ၆ သို့ »

M Kawn La ရေးသားသည်။

## ကချင်ပြည်နယ်တွင် စားသုံးသူရေးရာ ဦးစီးဌာနရုံးသက်တမ်း တစ်နှစ်ကျော်လာသော်လည်း တိုင်တန်းသူမရှိသေး

စာ - ၁၅ သို့ »

## ဝတ်လစ်စလစ် ဇာတ်ဝင်ခန်းများကြောင့် ဝေဖန်ခံနေရသော ‘ဒဏ္ဍာရီအလွမ်း’ အမည်ရ ကချင်ရုပ်ရှင်ဇာတ်ကားကို ဗွီဒီယိုပုံစံဖြင့် ထုတ်လုပ်ဖြန့်ချိ

စာ - ၁၉ သို့ »



www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(နိုဝင်ဘာ ၁၂ ၊ ၂၀၁၈)

# ကချင်ပြည်နယ်၌ ယခုနှစ်အတွင်း တနိုင်းမြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် မိုင်းဒဏ်သင့်မှုအများဆုံးဖြစ်

အောက်တိုဘာ ၃၀

ကချင်ပြည်နယ်တွင် ယခုနှစ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် မိုင်းဒဏ်သင့်မှု အများဆုံးဖြစ်ပွားခဲ့သည့် မြို့နယ်မှာ တနိုင်းမြို့နယ် ဖြစ်ကြောင်း ပြည်နယ်ကြက်ခြေနီအသင်းမှ သိရသည်။

ပြည်နယ် ကြက်ခြေနီအသင်းမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ ကောက်ခံထားသော စာရင်းများအရ တနိုင်းမြို့နယ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၂၈ ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး ပြည်သူ ၃၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


အလားတူ ကျန်မြို့နယ်များတွင်လည်း ဖြစ်ပွားခဲ့ရာ ဖားကန့်မြို့နယ်တွင် ၁၅ ကြိမ်၊ မိုးကောင်းနှင့် မြစ်ကြီးနား မြို့နယ်တို့တွင် လေးကြိမ်၊ မိုးညှင်းမြို့နယ်တွင် သုံးကြိမ်၊ မိုးမောက်မြို့နယ်တွင် နှစ်ကြိမ်၊ ဝိုင်းမော်မြို့နှင့် ချီဖွေမြို့နယ်များတွင် တစ်ကြိမ်စီ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုပေါက်ကွဲမှု ဖြစ်စဉ်များ၌ ဖားကန့်မြို့နယ်တွင် ပြည်သူ ၁၇ ဦး၊ မိုးကောင်းမြို့နယ်တွင် ၅ ဦး၊ မြစ်ကြီးနား မြို့နယ်တွင် ၄ ဦးနှင့် မိုးညှင်းမြို့နယ်တွင် ၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြပြီး ဝိုင်းမော်၊ ချီဖွေနှင့် မိုးမောက်မြို့နယ်တို့တွင် ထိခိုက်ဒဏ်ရာရှိသူ မရှိခဲ့ကြောင်း ကြက်ခြေနီစာရင်းများအရ သိရသည်။

"ကျွန်မတို့ ပြည်နယ်ကြက်ခြေနီ အသင်းကနေပြီးတော့ မိုင်းနဲ့ပတ်သက်တာတွေကို အသိပညာပေးတာတွေက တစ်လကိုနှစ်ကြိမ်လောက် ပုံမှန်လုပ်နေပါတယ်။ ဒါပေမယ့် ကျွန်မတို့မှာက ဘတ်ဂျက်မရှိတော့ မိုင်းဒဏ်သင့် လူနာတွေကိုတော့ ကူညီမှု မလုပ်နိုင်သော်လည်း ကူညီပေးနိုင်မယ့် အခြားအဖွဲ့တွေကိုတော့ ချိတ်ဆက်ရှာဖွေပေးပါတယ်" ဟု ပြည်နယ်ကြက်ခြေနီရုံးမှ မိုင်းအန္တရာယ်အသိပညာပေးဦးစီးအရာရှိ ဒေါ်သင်းသင်းမြတ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မြန်မာနိုင်ငံအတွင်း မိုင်းအန္တရာယ် ထိခိုက်ကြုံတွေ့နေသူများအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများဆောင်ရွက်ပေးနေသည့် ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း (DRC) ကလည်း မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်တွင်းကြွင်းကျန်လက်နက်များ၏ ခြိမ်းခြောက်မှုအန္တရာယ်သည် နှစ်ပေါင်းများစွာ ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ကချင်ပြည်နယ်အတွင်းတွင်လည်း ခြိမ်းခြောက်မှုများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း အောက်တိုဘာလ ၂၆ ရက်နေ့က သတင်းထုတ်ပြန်ပြောဆိုသည်။

"ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ အရင်နှစ်ကတော့ မိုးကောင်း၊ မိုးညှင်း ချောင်းရိုးတစ်လျှောက်တွေမှာ မိုင်းဖြစ်စဉ်က အများဆုံးဖြစ်ပါတယ်။ ဒါပေမယ့် ဒီဘက်နှစ်မှာတော့ လဝါးနဲ့ တနိုင်းကြားက ရှဒူးဇွပ်တို့မှာ ဖြစ်တဲ့ မိုင်းဖြစ်စဉ်က ပိုဖြစ်လာပါတယ်" ဟု ဒိန်းမတ်လူမှုရေး အဖွဲ့အစည်းမှ တာဝန်ခံ Mr. Pascal Simon က အောက်တိုဘာလ ၂၆ ရက်နေ့က မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။



*ဒိန်းမတ်လူမှုရေး အဖွဲ့အစည်းမှ တာဝန်ခံ Mr. Pascal Simon* *ဓာတ်ပုံ - ဆိုင်းလတ်အောင်*

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်းများ၏ အန္တရာယ်ကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ထိခိုက်သေဆုံးမှုပေါင်း ၃၃၇ ခု ရှိခဲ့ကြောင်း ယခုနှစ်အစောပိုင်း (ဧပြီ ၄ ရက်နေ့)က ကုလသမဂ္ဂ OCHA Myanmar မှ သတင်းထုတ်ပြန်ခဲ့သည်။

ထို့အပြင် ၂၀၁၇ ခုနှစ်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်း၊ မိုင်းနှင့် စစ်လက်ကျန်ပေါက်ကွဲစေတတ်သောပစ္စည်းများကြောင့် ထိခိုက်သေဆုံးသူများနှင့် မိသားစုအတွက် ငွေကြေးထောက်ပံ့ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပံ့ပိုးပေးခြင်း၊ မိုင်းအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာရန်ပုံငွေမှ ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ အတွက် အမေရိကန်ဒေါ်လာ၃၅၀၀၀၀ ပံ့ပိုးပေးခဲ့ကြောင်း ထို သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုင်း(ကချင်မြေ)

MORNING STAR COMPUTER TRAINING CENTER
Available Course
Microsoft Essential Course
Adobe Photoshop
Adobe InDesign
Adobe Illustrator
Sound Editing
AutoCAD
Programming
Photoshop For Fashion Designer
Advance Excel
A+
Networking
Video Editing
Web Design
Data Base
Book Keeping
ကွန်ပျူတာ ပြုပြင်
မိတ္တူ၊ ကွန်ပျူတာ စာစီ/စာရိုက်
ဖိတ်စာအမျိုးမျိုး၊ လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း
CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်
ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ။
Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ။
contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
ရှိန်းဇေအကယ်ဒမီ
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ ရန်ကုန်မှ နံနက် ၁၀:၀၀ နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၃:၀၀ ရန်ကုန်မှ ညနေ ၄:၀၀ ပြေးဆွဲပေးနေပါသည်

မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ခနော်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဇရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့။
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းခွဲနှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အလူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ပြည်နယ်တွင်းပါတီများ ရလိုက်သော ကြားဖြတ်ရွေးကောက်ပွဲမှ သင်ခန်းစာ



မြစ်ကြီးနား၊ နိုဝင်ဘာ ၉

မြစ်ကြီးနားမြို့နယ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီများအနေဖြင့် မဲဆွယ်စည်းရုံးမှု အားနည်းချက်နှင့် ပြည်သူလူထု၏ မဲပေးမှုလျော့နည်းခဲ့ခြင်းကြောင့် ကချင်ပါတီများ အနိုင်မရရှိခဲ့ခြင်းဖြစ်ကြောင်း ကချင်ပြည်နယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

ပြည်သူလူထုများ အနေဖြင့် မိမိနှစ်သက်သည့် ပါတီကို ထောက်ခံသော်လည်း မဲရုံသို့ သွားရောက်မဲပေးခဲ့ခြင်း မရှိခဲ့သည့်အတွက် လာမည့်ရွေးကောက်ပွဲတွင် မဲပေးသူများလာအောင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သင့်သည်ဟု ၎င်းက ပြောသည်။

"မထောက်ခံဘူးလားဆိုထောက်ခံတယ်၊ မဲရုံမသွားဘူးဗျ။ တော်တော်များများက အဲ့လိုအနေအထားမျိုး တွေ့ရတယ်၊လူနည်းစုပဲတွေ့ရတယ်။ ဒါတွေက ပါတီတွေအနေနဲ့ ပြည်သူတွေကို အများကြီး ထပ်မံစည်းရုံးဖို့ လိုသေးတယ်ဆိုတာ သိသာထင်ရှားနေပါတယ်၊ မဲပေးခါနီးအထိ ဘယ်ပါတီ ဘယ်ပုဂ္ဂိုလ်ကို မဲပေးရမှန်းမသိတဲ့ သူတွေလည်း ရှိတယ်။ မဲပေးချင်ပေမယ့် ဘယ်လို ပေးရမလဲဆိုတာမသိတဲ့သူလည်း ရှိနေတယ်။ ဒါက ပါတီကိုယ်စားလှယ်လောင်းတွေက ကြိုတင်ပြင်ဆင်ပြီးမှ လုပ်ရမယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ထို့အပြင် ကြိုတင်မဲကိစ္စနှင့်ပတ်သက်၍လည်း အနာဂတ် ရွေးကောက်ပွဲအတွက် ယခု ကျင်းပခဲ့ပြီးဖြစ်သည့် ကြားဖြတ်ရွေးကောက်ပွဲက သင်ခန်းစာ ရရှိခဲ့သည်ဟု ကချင်ပြည်နယ်ရှိ ဒေသတွင်းပါတီများမှ ခေါင်းဆောင်များက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၀၊ ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင်လည်း ယခုကဲ့သို့ ကြိုတင်မဲကိစ္စဖြင့် အငြင်းပွားမှုများ ရှိခဲ့ပြီး လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ယခုကဲ့သို့ မဖြစ်ပွားရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်သင့်သည်ဟုကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကချင်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်လောင်းဦးအောင်ခမ်းက ပြောသည်။

ကြိုတင်မဲကိစ္စတွေကို အနာဂတ်မှာ ပြင်ဆင်ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြိုတင်မဲကိစ္စနဲ့ အငြင်းပွားမှုတွေပဲ ဖြစ်နေတယ် ၂၀၁၀ မှာလည်း၊ ၂၀၁၅ မှာလည်းခုကြားဖြတ်ရွေးကောက်ပွဲမှာလည်း ဒီလိုပဲဖြစ်နေတော့ "ကြိုတင်မဲကိစ္စက မရှိမဖြစ်လိုအပ်တယ်ဆိုတာလည်း ကျွန်တော် နားလည်တယ်၊ ဒါတွေက နိုင်ငံတကာမှာရောက်နေတဲ့ သူ၊ ခရီးသွားနေတဲ့သူ၊ နားမကျန်းဖြစ်နေတဲ့သူတွေ၊ မသန်စွမ်းတွေက ကြိုတင်မဲထည့်ရမယ်ဆိုတာကို နားလည်ထားတယ်၊ ဒါပေမဲ့ စစ်တပ်ကနေ ဒီလိုများတဲ့ Amount တွေကို ထည့်မယ်ဆိုရင်လည်း ကော်မရှင်ရဲ့ရှေ့မှာ၊ ပါတီတွေရဲ့ ရှေ့မှာ ထည့်ပေးခြင်းဟာ လွတ်လပ်စွာ မျှတတဲ့ရွေးကောက်ပွဲစနစ်ကို သွားသင့်တယ်၊ သွားရမယ်ဆိုတဲ့ဟာမျိုးတော့ သင်ခန်းစာရပါတယ်၊ ကျွန်တော်ထင်တယ်။ ၂၀၂၀ အထွေအထွေရွေးကောက်ပွဲမှာ စစ်တပ်ကနေ တစ်သောင်း၊ နှစ်သောင်းလည်းကြိုတင်မဲတွေထည့်လာနိုင်တယ်၊ ဒါတွေကတော့ ရွေးကောက်ပွဲတရားမျှတစွာလွတ်လပ်စွာ ကျင်းပရဲ့လားဆိုတဲ့ဟာမျိုး သင်ခန်းစာရပါတယ်" ဟု ဦးအောင်ခမ်းက ပြောသည်။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌဒေါက်တာတူးဂျာကလည်း "ကြိုတင်မဲကိစ္စ ရွေးကောက်ပွဲကော်မရှင်ရဲ့ စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့လိုတယ်၊ ဘယ်ဟာက ကြိုတင်မဲ ဖြစ်သလဲ၊ မဖြစ်ဘူးလဲ ဆိုတာကို ရွေးကောက်ပွဲ ကော်မရှင်က စိစစ်ရမယ်။ စစ်မှန်တဲ့မဲတွေကိုပဲ လက်ခံဖို့လိုအပ်တာလေ"ဟု ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

အနိုင်မရရှိခဲ့ခြင်းမှာ မိမိတို့ ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်းမရှိခဲ့သည့်အတွက်ဖြစ်သည်ကို လက်ခံသော်လည်း အနိုင်ရရှိသူမှာ တရားမျှတ၊ လွတ်လပ်စွာ ကျင်းပသည့် ရွေးကောက်ပွဲ အောက်တွင် မှန်ကန်စွာ အနိုင်ရခဲ့ခြင်းလား ဆိုသည့် မေးခွန်းမျိုး ထုတ်လိုကြောင်းဦးအောင်ခမ်းက ပြောသည်။


နိုဝင်ဘာလ ၃ ရက်နေ့က ကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ် မြစ်ကြီးနားမြို့နယ် အမျိုးသား လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂လစ်လပ်နေရာအတွက်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် ဦးရေ ၂ သိန်းကျော်ရှိသည့်အနက်၇သောင်းနီးပါးခန့်သာ မဲပေးခဲ့ကြပြီး တစ်သိန်းသုံးသောင်းကျော် မဲပေးခြင်း မရှိခဲ့ပေ။

အဆိုပါမြစ်ကြီးနားမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီမှ ဦးဆီဟူးဒွေ့က ၂၃၈၈၆ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယနေရာတွင် ကချင်ဒီမိုကရက်တစ်ပါတီ (KDP) မှ ဦးအောင်ခမ်းက ၁၉၁၁၂ မဲ၊ တတိယနေရာတွင် အန်အယ်လ်ဒီမှ ဒေါ်ယမ်ခေါန်က ၁၈၉၉၉ မဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

Salai





AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2) ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ပြောင်းလဲ



မြစ်ကြီးနား၊ နိုဝင်ဘာ ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော်မှ တပ်မတော်သားကိုယ်စားလှယ် အယောက် ၃၀ ကို အစားထိုးပြောင်းလဲခဲ့ရာ ကချင်ပြည်နယ်မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်ကိုလည်း အစားထိုးပြောင်းလဲခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလ ၆ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် ၁၆၉/၂၀၁၈ ဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကာ ဗိုလ်မှူးကြီးသူရမျိုးတင် နေရာတွင် ဗိုလ်မှူးကြီး နေလင်းထွန်းကို အစားထိုးတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

“တပ်မတော်က ပြောင်းလဲပေးခဲ့တာပါ။ နောက် ဘာဆက်လုပ်မယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်တောင် မစဉ်းစားရသေးပါဘူး”ဟု ဗိုလ်မှူးကြီး သူရမျိုးတင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားသည်။

၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်တင်သွင်းထားသော အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ် ၈ ဦး၊ ပြည်သူ့လွှတ်တော်မှ တပ်မတော်သားကိုယ်စားလှယ် ၈ ဦး တိုင်းနှင့်ပြည်နယ်မှ ၃၀ ဦးတို့အား ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့် အညီ အကြောင်းကြားချက်အရ အစားထိုးခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ကြားဖြတ်ရွေးကောက်ပွဲ ကြိုတင်မဲရလဒ်ကို မကျေနပ်၍ ကေဒီပီဥက္ကဋ္ဌ စာတင်မေးမြန်း

မြစ်ကြီးနား၊ နိုဝင်ဘာ ၉

ကြိုတင်မဲကိစ္စနှင့် ပတ်သက်၍ ကချင်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်လောင်း ဦးအောင်ခမ်းက မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ နိုဝင်ဘာလ ၅ ရက်နေ့တွင် စာတင်ထားကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲကာလက အနိုင်ရရှိသွားသည့် ပြည်ခိုင်ဖြိုးအမတ်လောင်း ဦးဆီဟူးဒွေကို ကြိုတင်မဲပေးသည့် အရေအတွက် ၃၀၀၀ ကျော်ရရှိနေခြင်းနှင့်ပတ်သက်ပြီး သိရှိလိုသည့် အချက်အလက်များကို စာတင်မေးမြန်းခဲ့ခြင်းဖြစ်သည်ဟု ဦးအောင်ခမ်းက ပြောသည်။

“စာရေးတင်ထားတယ်၊ ဘာမှတော့ အကြောင်းမကြားသေးပါဘူး။ စာတင်ထားတယ်ဆိုတာက အချက်အလက်တွေပေါ့၊ မေးမြန်းထားတဲ့ အချက်အလက်ပါ၊ ကြိုတင်မဲကိစ္စနဲ့ပတ်သက်ပြီး သိချင်တဲ့ အချက်တွေကို မေးတာပါ။ ကော်မရှင်ဘက်ကလည်း ကြံ့ခိုင်ရေးပါတီက အနိုင်ရရှိတယ်ဆိုတာကို ကြေညာပြီးဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောလိုတာက ဒီအချက်အလက်တွေက ကြိုတင်မဲတွေက တရားမျှတရဲ့လားဆိုတဲ့ အချက်တွေကို မေးခြင်းဖြစ်ပါတယ်”ဟု KDP ပါတီဥက္ကဋ္ဌ ဦးအောင်ခမ်းက ပြောသည်။

မေးမြန်းထားသည့်အချက်အလက်များမှာ မဲဆန္ဒရှင်များ မဲထည့်ရာတွင် ပွင့်လင်းမြင်သာစွာ ထည့်ဝင်ခဲ့ခြင်းရှိ/မရှိ၊ တပ်မတော်သားများ လွတ်လပ်စွာ မဲထည့်ဝင်ခဲ့ခြင်းရှိ/မရှိ - စသည့်များကို ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် မေးမြန်းခဲ့ခြင်း ဖြစ်ကြောင်း ဦးအောင်ခမ်းက ပြောသည်။

အဆိုပါ ကြိုတင်မဲကိစ္စနှင့်ပတ်သက်၍ NLD ပါတီ ကိုယ်စားလှယ်လောင်း ဒေါ်ယမ်ခေါန်ကလည်း ကျေနပ်မှုမရှိသည့်အတွက် ကော်မရှင်ကို တိုင်ကြားသွားမည်ဟု နိုဝင်ဘာ ၃ ရက်နေ့က ပြောဆိုထားသော်လည်း နိုဝင်ဘာ ၉ ရက်နေ့က ပြန်လည်မေးမြန်းသည့်အခါ တင်ပြတိုင်တန်းတော့မည်မဟုတ်ကြောင်း ဒေါ်ယမ်ခေါန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောကြားခဲ့သည်။

ဒေါ်ယမ်ခေါန်က “ဘာမှမလုပ်တော့ဘူး။ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီးမှပြောစရာလည်း မရှိတော့ဘူး”ဟု ပြန်လည်ဖြေကြားခဲ့သည်။

မြစ်ကြီးနားမြို့နယ်တွင် ကြိုတင်မဲပေးသူ ၅၀၀၀ ကျော်ရှိခဲ့ပြီး ယင်းအနက်မှ ၃၀၀၀ ကျော်သည် တပ်မတော်မှ ကြိုတင်မဲများဖြစ်ကြောင်း သိရသည်။

ဦးအောင်ခမ်းအနေဖြင့် ထိုသို့မေးမြန်းရခြင်းမှာ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်အပေါ် မကျေနပ်၍မဟုတ်ပဲ ကြိုတင်မဲပေးသည့် အရေအတွက်နှင့်ပတ်သက်ပြီး တရားမျှတမှုရှိမရှိ သိလို၍ မေးမြန်းခြင်းဖြစ်သည်ဟု ဆိုသည်။

မြစ်ကြီးနားမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) လစ်လပ်နေရာအတွက်ကိုယ်စားလှယ်လောင်း၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယင်း ၆ ဦးအနက် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့က ၄၂၀၅ မဲ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်က ၇၈၇ မဲ၊ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)မှ ဦးအောင်ခမ်းက ၄၇၈ မဲ၊ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီမှဒေါ် MD ခေါ်ညွယ်က ၃၄ မဲ၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်းက ၁၆၇ မဲနှင့် တစ်သီးပုဂ္ဂလမှ ဒေါက်တာသန်းထိုက်ဦး ၆၅ မဲစသည့်ဖြင့် အသီးသီးရရှိခဲ့ကြကြောင်း မြစ်ကြီးနားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထုတ်ပြန်ထားသည့် စာရင်းအရ သိရသည်။

Salai

# အင်ဂျန်ဒုံစစ်ရှောင်စခန်းတွင် ခြံစည်းရိုးတစ်ဖက်အကာအရံမရှိသဖြင့် ပစ္စည်းပျောက်မှုများရှိနေဟုဆို

မြစ်ကြီးနား၊ နိုဝင်ဘာ ၆

မြစ်ကြီးနားမြို့ အင်ဂျန်ဒုံရပ်ကွက်မှစစ်ရှောင်စခန်းတွင် ခြံစည်းရိုး တစ်ဖက်မရှိသဖြင့် စစ်ရှောင်ပြည်သူများအတွက် လုံခြုံမှုမရှိဟု စစ်ရှောင်စခန်းတာဝန်ခံ ဦးဇယ်လွမ်းက ပြောသည်။

ထိုသို့ ခြံစည်းရိုး အကာအရံမရှိခြင်းကြောင့် စစ်ရှောင်လူငယ်များ ညဘက် အဝင်အထွက်များလာကြောင်း၊ ထိုမလုံခြုံမှုကြောင့် မိန်းကလေးများနှင့် ကလေးများအတွက် အန္တရာယ်ရှိနိုင်ကာ စခန်းမှ ဆိုင်ကယ်နှင့် အခြားပစ္စည်းများလည်း ပျောက်ဆုံးခဲ့ကြောင်း၊ ကာရန်လိုအပ်သော ခြံဝင်းတစ်မျက်နှာသည် ပေ ၂၀၀ ကျော်ရှိသဖြင့် ကိုယ်ထူကိုယ်ထလုပ်ကိုင်ရန် အဆင်မပြေဖြစ်နေကြောင်း စခန်းတာဝန်ခံက ပြောသည်။

“ခြံ မကာထားတော့ ကလေးတွေ ပျောက်လာမှာလည်း စိုးရိမ်တယ်။ တစ်ဦးတစ်ယောက်ယောက် လာပြီး လျှဒါန်းရင်တော့ အရမ်းကောင်းမယ်။ ဖြစ်နိုင်ရင် မြန်မြန် ကာလိုက်ချင်တယ်။ တကယ်လို့ ပိုက်ဆံ အခု ရခဲ့လို့ရှိရင် အခုကာလိုက်ချင်တယ်”ဟုတာဝန်ခံဦးဇယ်လွမ်းက ပြောသည်။

ထိုသို့ အကာအရံမရှိခြင်းကြောင့် ဆိုင်ကယ်ပျောက်ဆုံးမှုများရှိခဲ့သည့်အပြင် အကာအရံမရှိသည့် အခြမ်းတွင်နေထိုင်သူများမှာ ညဘက်တွင် စိုးရိမ်နေရသည်ဟု ဆိုသည်။

“ကျွန်မတို့နေတဲ့ အခြမ်းဘက်ဆိုရင် မိန်းကလေးတွေချည်းပဲဆိုတော့ ပိုကြောက်တယ်။ မိန်းကလေးတွေအတွက် ပိုပြီးလုံခြုံမှု မရှိဘူး။ ငါတို့ကို ဝင်သတ်သွားရင်လည်း ဘယ်သူမှ သိလိုက်မှာ မဟုတ်ဘူး။ ဘာမှ မတတ်နိုင်ဘူး။ မြန်မြန် ကာလိုက်ချင်ပြီ”ဟု ဒေါ်ဒါရှီခေါန်နန်က ပြောသည်။

ယင်းအင်ဂျန်ဒုံ စစ်ရှောင်စခန်းသို့ ပြောင်းရွှေ့သည်မှာ တစ်နှစ်ခန့် ကြာပြီဖြစ်သော်လည်း ခြံစည်းရိုးအပြည့် မကာထားသောကြောင့် ညဘက်တွင် စိုးရိမ်နေရသည်ဟု စခန်းခြံစည်းရိုးမရှိသည့်အခြမ်းတွင် နေထိုင်သော အမျိုးသမီးငယ် မမေရီနန်ဆိုင်းက ပြောသည်။

ယင်းစစ်ရှောင်များသည် အင်ဂျန်ဒုံ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းတွင် ၆နှစ်ကျော် နေထိုင်ခဲ့ကာ ယခု ရာဒါကောင်း (A) ရပ်ကွက်၊ အင်ဂျန်ဒုံ M.C.U ငွေစုငွေချေးအဖွဲ့၏ ခြံဝင်းတွင် အိမ်ထောင်စု ၆၇ စုနှင့် လူဦးရေ ၃၀၃ ဦး နေထိုင်ကြောင်း သိရသည်။

ဘရန်ဂျာPH

# ဆောက်လုပ်ပြီး ၇ လကျော်အကြာတွင် ပျက်စီးသွားသည့် လန်ဆယ်တံတား



မြစ်ကြီးနား၊ နိုဝင်ဘာ ၉

၂၀၁၈ ခုနှစ် မတ်လဆန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နတလ) ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ချီဖွေမြို့နယ်၊ လန်ဆယ်ကျေးရွာရှိ ထမ်းဒန်တံတား ပျက်စီးခဲ့ခြင်းမှာ ဒေသခံများ စုပုံထားသော သစ်တုံးများ ရေနှင့်အတူ မျောပါလာပြီး ထိခိုက်မိခြင်းကြောင့်ဖြစ်ကြောင်း နတလမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်း သစ်တုံးများသည် ၂၀၁၆ ခုနှစ်က လန်ဆယ်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၄ ရွာ၌ ရေဘေးအန္တရာယ်ကျရောက်သဖြင့် ၎င်းတို့၏ သစ်လုပ်ကွက်များနှင့် လပိချောင်း၊ ချီဝင်းချောင်းရိုးတစ်လျှောက်ရှိ သစ်မြစ်၊ သစ်တုံး၊ သစ်ကိုင်းများ မျောပါလာကာ ချောင်းဆုံနေရာဖြစ်သည့် လန်ဆယ်ကျေးရွာတွင် စုံပုံရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို ယင်းဌာန၏ရန်ပုံငွေကျပ် ၃၀၅ ဒသမ ၇၆၅ သန်းဖြင့် Augusta ကုမ္ပဏီမှ တာဝန်ယူကာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် စတင်ဆောက်လုပ်ခဲ့သည့် တံတားဖြစ်ကြောင်း သိရသည်။

"အဲဒီတံတားကို ဒေသခံတွေကပဲ အသုံးပြုတာပါ။ ဆိုင်ကယ်တောင် စီးတာ သိပ်မရှိဘူး။ လမ်းဖြတ်လျှောက်တာပဲများပါတယ်။ ဘယ်ကားကြီးမှ မလာဘူး။ လမ်းမကောင်းဘူးဆိုတော့။ တံတားရဲ့ အလယ်တိုင်ကို ရေကြီးတော့ (တောင်ကျချောင်းရေနဲ့အတူ မျောပါလာတဲ့) သစ်တုံးတွေ ခဏခဏ ဝင်တိုက်လို့ ဖြစ်သွားတာပါ" ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ချီဖွေမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ဆန့်က ပြောသည်။

ထိုသစ်တုံးများသည် ယခုနှစ်ဇူလိုင်လက ချောင်းရေလျှံမှုကြောင့် ရေတွင်မျောပါလာပြီး တံတား၏ ရေလယ်တိုင်ကို ဝင်တိုက်သဖြင့် ပျက်စီးသွားခြင်းဖြစ်ကြောင်း ဦးအောင်ဆန်က ပြောသည်။

"သစ်တုံးတွေက အရမ်းများတော့ ဘယ်လိုမှ မသိမ်းနိုင်ဘူး။ လမ်းဖောက်ဖို့တော့ တတ်နိုင်သလောက် သိမ်းတယ်။ သစ်ကောင်းတွေမဟုတ်ဘူး။ ထင်းပဲဆိုက်လို့ရမယ့် အတို၊ အပိုင်းအစတွေ၊ သစ်မြစ်တွေပဲဆိုတော့ သိမ်းရအရမ်းခက်နေတယ်"ဟု ဦးအောင်ဆန်က ပြောသည်။

သစ်တုံးများ မျောလာသည်ကို ကာကွယ်ရန် ရေလယ်တိုင်ကို ကမ်းကပ်ခုံ၏ ၁၀ ပေ အကွာတွင် ထပ်မံဆောက်လုပ်ရန် ကုမ္ပဏီမှတာဝန်ရှိသူများက နိုဝင်ဘာလ ၇ ရက်တွင် သွားရောက်ပြုပြင်နေပြီဖြစ်ကြောင်း၊ တစ်လခန့်အကြာတွင်ပြီးစီးမည်ဖြစ်ကြောင်း၊ တံတားစတင်ဆောက်လုပ်စဉ်က Augusta ကုမ္ပဏီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ စာချုပ်အရ သုံးနှစ်အတွင်းပျက်စီးခဲ့သဖြင့် ပြုပြင်စရိတ်ကို ကုမ္ပဏီမှ တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက အဲဒီတံတားပျက်နေတာကို မသိလိုက်တာလည်း အဲဒီဘက်က လမ်းပန်းဆက်သွယ်ရေးခက်တယ်။ ဖုန်းလိုင်းကလည်း မရှိဆိုတော့ အမြန်မသိလိုက်တာပါ။ အခုသိသိချင်းတော့ ကုမ္ပဏီကို အကြောင်းကြားပြီး ချက်ချင်း ဆောင်ရွက်ခိုင်းထားပါတယ်"ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ထွန်းမောင်က ပြောသည်။

အဆိုပါတံတားသည် အရှည်ပေ ၁၄၀၊ အကျယ် ၁၄ ပေရှိပြီး လကောင်ကျေးရွာနှင့် လန်ဆယ်ကျေးရွာကို ဆက်သွယ်ထားသောလမ်းဖြစ်ပြီး လန်ဆယ်ကျေးရွာသည် ချီဖွေမြို့မှ ၁၃၅ မိုင်ဝေးကြောင်း သိရသည်။

ထိုဒေသတွင် စာချုပ်သက်တမ်းမပြည့်မီ ပျက်စီးသွားသည်မှာ ထိုတံတား နှစ်စင်းဖြစ်ကြောင်း ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးက ဧရာဝတီသတင်းဌာနသို့ ပြောကြားထားသည်။

"ဆောက်တာတောင် ၇ လ ၈ လ မပြည့်သေးဘူး။ အခုလိုဖြစ်သွားတယ်ဆိုတော့ သူတို့ရဲ့ ပေါ့ဆမှုအများကြီးလိုတယ်၊ တည်ဆောက်တဲ့ ကုမ္ပဏီရဲ့ ပေါ့ဆမှုပေါ့နော်။ လုပ်ငန်းအတိုင်းအတာတွေလည်း ခိုတာပေါ့။ သေသေချာချာမဆောက်ဘူး။ အခု လွှတ်တော်ပြန်စရင် (နိုဝင်ဘာ ၁၂ ရက်ပြန်စ)ကြယ်ပွင့်ပြမေးခွန်း မေးသွားမယ်။ သူ့ရဲ့ပုံစံအတိုင်း မဆောက်ဘူးဆိုရင် အရည်အသွေးစစ်တဲ့အဖွဲ့တွေမှာလည်း တာဝန်ရှိတယ်။ သူတို့လုပ်ငန်းအပ်နှံပြီးပြီလေ၊ ကျူစီ(အရည်အသွေးစစ်ဆေးတိုင်းတာမှု) စစ်တဲ့အဖွဲ့တွေကိုလည်း အရေးယူစေချင်တယ်"ဟု ဦးလာမာလေးက ပြောကြားထားသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လမ်းတံတား ဆောက်လုပ်ပြုပြင်ပေးခြင်း၊ ကျေးရွာတွင်း ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများကို ပြုလုပ်နေကြောင်း သိရသည်။

မွန်းမွန်းပန်

## Editorial
### အယ်ဒီတာ့အာဘော်

## ကြားဖြတ်ရွေးကောက်ပွဲက ပေးတဲ့ သင်ခန်းစာ

ဒီနှစ်ကျင်းပတဲ့ ကြားဖြတ်ရွေးကောက်ပွဲက အာဏာရပါတီကြီးကို တုန်လှုပ်ခြောက်ခြားစေတာ အမှန်ပါ။ ၁၃ နေရာမှာ ၆ နေရာရှုံးနိမ့်သွားခြင်းက လာမယ့် ၂၀၂၀ ရွေးကောက်ပွဲအတွက် ခေါင်းလောင်းထိုးပေးလိုက်သလို ဖြစ်စေခဲ့ပါတယ်။

အဆိုးဆုံးက သူတို့မျှော်လင့်ထားတဲ့ မဲဆန္ဒနယ် သုံးခုမှာ သူတို့ရဲ့ အတိုက်အခံဖြစ်တဲ့ ပြည်ခိုင်ဖြိုးပါတီကို ပေးလိုက်ရတဲ့အပေါ် ပါတီဝင်အားလုံး ရင်ထုမနာဖြစ်နေကြတယ်။ ပါတီဝင်တွေက ကျန်တဲ့တိုင်းရင်းသားပါတီတွေ အနိုင်ရမှုအပေါ် ဘာသံမှ မထွက်ပေမယ့် ကြံ့ခိုင်ရေးကို ပေးလိုက်ရခြင်းအတွက်တော့ အားမလိုအားမရ ဖြစ်ကြပါတယ်။ ဒါ့ထက် ပိုဆိုးတာက ဒီ တစ်ခေါက် ကြံ့ခိုင်ရေးကို ရှုံးသွားတဲ့ မြို့နယ်ကြီးတွေက ၂၀၁၅ ရွေးကောက်ပွဲမှာ သူတို့ မဲအပြတ်အသတ် အနိုင်ရရှိခဲ့တဲ့ နေရာတွေဖြစ်နေတော့ ပိုဆိုးတာပေါ့။ မြစ်ကြီးနားမြို့မှာတော့ မြို့ပေါ် ၂၈ ရပ်ကွက်မှာ အင်န်အယ်လ်ဒီက အနိုင်ရခဲ့ပေမယ့် ကျန်တဲ့ ကျေးရွာတွေက မဲနဲ့ပေါင်းလိုက်တော့ ရှုံးနိမ့်သွားရပါတယ်။

အခုလို မျှော်လင့်သလောက် အပြည့်အဝ အောင်မြင်မှုမရခြင်းက အဲ့ဒီမြို့နယ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အားနည်းချက်ကြောင့်လား၊ တိုင်းနဲ့ပြည်နယ်အစိုးရတွေရဲ့ အားနည်းချက်ကြောင့်လား၊ ပြည်သူတွေ အနေနဲ့ NLD အပေါ် အပြည့်အဝ ယုံကြည်မျှော်လင့်ထားပေမယ့် သူတို့စိတ်ထဲ မျှော်လင့်ထားတဲ့ NLD နဲ့ အာဏာရ NLD တို့ ထပ်တူမကျဘူးလို့ ယူဆလို့လား၊ နှစ်နှစ်ခွဲအတွင်းမှာ လုပ်ဆောင်ခဲ့တဲ့ သူတို့ရဲ့ ဆောင်ရွက်ချက်တွေကို အားရကျေနပ်မှု မရှိလို့လား ဆိုတဲ့ သံသယတွေကို ကြီးထွားစေပြီး ၂၀၂၀ အတွက် အခုလိုပုံစံနဲ့ သွားလို့ မရတော့ဘူးဆိုတာ ကောင်းကောင်းသေချာသွားစေခဲ့ပါတယ်။

အင်န်အယ်လ်ဒီလိုပဲ နောက်ထပ် ရင်ထုမနာဖြစ်ရတဲ့ပါတီက ကချင်ပါတီလေးခု ကိုယ်စား ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကချင်ဒီမိုကရက်တစ်ပါတီပါ။ သူလည်း မြို့ပေါ်မှာ ရလဒ်ကောင်းပေမယ့် ကျေးလက်တွေရဲ့ မဲအရေအတွက်နဲ့ ကျန်နေခဲ့ရတာပါ။ ကချင်တိုင်းရင်းသား အများစုနေထိုင်တဲ့ မြစ်ကြီးနားလိုမြို့မှာတောင် ကချင်ပါတီတစ်ခု အနိုင်မရဘူးဆိုရင် တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ ကချင်ပြည်နယ်ထဲမှာ ဝင်ပြိုင်ဖို့ဆိုတာ စိန်ခေါ်မှုကြီး မားလွန်းလှပါတယ်။ တစ်ဖက်က တခြားပြည်နယ်က တိုင်းရင်းသားတွေလို ပါတီတွေပူးပေါင်းဖို့ လိုအပ်လာသလို တစ်ဖက်ကို ကြည့်မယ်ဆိုလည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ လက်တွဲဖို့ လိုအပ်နေတာ မြင်တွေ့ရပါတယ်။ တိုင်းရင်းသားပါတီတွေကို တစ်နေရာတလေတောင် ဟ'မပေးဘဲ နေရာပြည့်ဝင်ပြိုင်တဲ့ အန်အယ်လ်ဒီ ကြီးလည်း ၂၀၂၀ မှာ ကွင်းလုံးပြည့် ဝင်ကစားဦးမယ်ဆိုရင် ကြားထဲက ဝင်အဆွဲခံနေရဦးမှာ အသေအချာပါပဲ။

ဒါပေမဲ့ ပြီးခဲ့တဲ့ကြားဖြတ်ကို လှည့်ကြည့်ရင် ပါတီတွေအားလုံးအနေနဲ့ "ဘယ်သူ တက်တက်၊ ကိုယ်လုပ်မှ ကိုယ်စားရမှာ" ဆိုတဲ့စိတ်နဲ့ မဲလာမထည့်တဲ့ ပြည်သူတွေကို မဲရုံထဲရောက်အောင် အမြင်ဖွင့်ဖို့ လိုနေတာလည်း တွေ့ရပါတယ်။ ကိုယ့်ပေါ်လစီကိုယ် ပြောင်းလဲနေရုံလောက်နဲ့တော့ မရနိုင်ပါဘူး။

၂၀၂၀ ရွေးကောက်ပွဲအနိုင်ရရေးက ပါတီတွေရော၊ ပြည်နယ်လွှတ်တော်ရော၊ ပြည်သူလူထုပါ ပူးပေါင်းဖို့ လိုလာပါပြီ။ ပြည်သူတွေ အထင်ကြီးလေးစား မျှော်လင့်ထားသလို ခြစားမှုတွေကိုလည်းမထိန်းသိမ်း . . .၊ လိုက်လို့ရတဲ့ ပြည်သူ့အလိုကိုလည်းမလိုက်. . .၊ ဘယ်တိုင်းရင်းသား ပါတီကိုမှ နေရာမပေးဘဲ နေရာတကာ ဝင်ပြိုင် . . . ဆိုရင်ကတော့ ၂၀၂၀ မှာလည်း ခြသေ့်အဆွဲ ခံရဦးမှာပါ။

မြစ်ကြီးနားသတင်းဂျာနယ်

**အိမ်ခြံမြေရောင်းရန်ရှိသည်။**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက် လမ်းသွယ် (၄)၊ အိမ်အမှတ် (၅၀၆)၊ အိမ်ရှေ့လမ်း၊ အိမ်ဘေး (၂)ဖက်လမ်းပေါက်ပြီး လမ်း (၄) ဆုံထောင့်ဖြစ်ကာ အဝင်အထွက်အဆင်ပြေသည်။ အရှုပ်အနှောင်ကင်းပြီး အိမ်ရှင် ကိုယ်တိုင်ရောင်းမည်။ ဂရံပေါက်ဖြစ်ပြီး ညှိနှိုင်းဈေးနှုန်းရှိမည်။

ဆက်သွယ်ရန် - ၀၉ - ၂၅၆၈၆၄၆၁၇၊ ၀၉ - ၈၉၄၁၁၀၂၄၁

**ဆိုင်ခန်း ရောင်းရန်ရှိသည်။**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့မဈေးကြီး၊ ဈေးရုံ (၂)၊ ကျောက်တိုင်အရှေ့ (ဈ - ရုံ) ဆိုင်အမှတ် (၅၀၊၅၁၊၅၂) ဆိုင်ခန်းကို ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ အမည်ပေါက်ဖြစ်၍ ညှိနှိုင်းဈေးနှုန်းရှိမည်။

**ဆက်သွယ်ရန်**

၀၉ - ၂၅၆၈၆၄၆၁၇၊ ၀၉ - ၈၉၄၁၁၀၂၄၁

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( နိုဝင်ဘာ ၁၂ ၊ ၂၀၁၈ )

# ၂၀၁၈ ဖိလစ်ပိုင် မင်ဒါနာအိုကျွန်းရဲ့ နိုင်ငံရေးအလှည့်အပြောင်း

M Kawn La **ရေးသားသည်။**






**အတွဲ(၅) အမှတ်(၃၉)မှ အဆက်**

မိုရိုတွေရဲ့ ကြိုးပမ်းမှုဟာ အံ့ဩစရာပါ။ ၁၉၇၆ မှာ Tripoli Agreement နဲ့ တစ်ကြိမ်၊ နှစ်ပေါင်း ၂၀ အကြာ ၁၉၉၆ မှာ သမ္မတ Ramos လက်ထက်မှာ Peace ဆိုပြီး တစ်ခါ၊ သူတို့ရဲ့ လွတ်မြောက်ရေး လှုပ်ရှားမှုကို နိုင်ငံရေးအရ အရွေ့များကို ဖော်ဆောင်နိုင်ခဲ့ပေမယ့် ကံဆိုးချင်တော့ ဖိလစ်ပိုင်သမ္မတ အဆက်ဆက်ရဲ့ သဘောထားပြောင်းလဲမှုတွေနဲ့ ကျောကော့အောင် ခံနေရဆဲပဲ ဖြစ်ပါတယ်။

အမျိုးသားရေးဝါဒီ သဘောထားတင်းမာသူများ အမြစ်ပြတ်ချေမှုန်းရေး သမားများတက်လာတဲ့အခါမင်ဒါနာအိုကျွန်းဟာ သွေးစွန်းခဲ့တာပဲ ဖြစ်ပါတယ်။

ပထမဦးစွာ သမ္မတရာမို့စ်နောက်သမ္မတဂျိုးဇက်စ်အက်စ်စထရာဒါလက်ထက်မှာ ပြင်းထန်တဲ့ တိုက်ပွဲတွေ ပြန်ဖြစ်ခဲ့ပါတယ်။ မတ်လ ၂၁ ရက် ၂၀၀၀ပြည့်နှစ်မှာပဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အကုန်ရပ်ပြီး MILF တို့နဲ့ စစ်ပြန်တိုက်ကြတယ်။ ရလဒ်က အီတလီ ခရစ်ယာန်ဘုန်းကြီး ၃ ယောက်ကို ဖမ်းတယ်။ တစ်ယောက်ကို သတ်တယ်။ Talayan, Maguindanao, Kauswangan လို ဒေသတွေမှာ ဗုံးတွေ ဆက်တိုက်ခွဲတယ်။ ဒီ ရလဒ်ကြောင့် FDI တွေ မင်ဒါနာအိုကို ရှောင်ကြတယ်။ ဖိလစ်ပိုင်ဟာ ကမ္ဘာမှာ မျက်နှာမဖော်ရဲလောက်အောင် ဖြစ်သွားတယ်။ သမ္မတ Fstrada ဟာ အပြင်းအထန် နှိမ်နင်းပြီး ဒီဇင်ဘာ ၂၉၊ ၂၀၀၀ ပြည့်နှစ်မှာပဲ ဖိလစ်ပိုင်နိုင်ငံကို မင်ဒါနာအိုကျွန်းမှာ အမိန့်နဲ့ အတင်းလွှင့်တင်ခိုင်းတယ်။

စစ်ကို စစ်နဲ့ တုံ့ပြန်ခဲ့တာရဲ့ ရလဒ်က ၁၉၇၆ နဲ့ ၁၉၉၆ သဘောတူညီချက်များရဲ့ MILF (Moro Islamic Liberation Front) ရဲ့ ကိုယ်ပိုင်ရပ်တည်မှု ဂုဏ်သိက္ခာကို ချိုးဖောက်ရာကျတဲ့ လုပ်ရပ်တွေလို့ ဖြစ်လာခဲ့တယ်။

နောက်တစ်နေ့ ဒီဇင်ဘာ ၃၀ မှာ လူ ၂၂ ဦး သေဆုံးပြီး ရာချီဒဏ်ရာရတဲ့ နေရာအများအပြား ဗုံးဖောက်ခွဲမှုတွေ MILF, Abusayaf, MNLF တွေ ဆောင်ရွက်ခဲ့ကြတယ်။

ဒီလိုတွေ ဖြစ်နေတုန်းမှာပဲ ဖိလစ်ပိုင်သမ္မတတစ်ဦး ထပ်ပြောင်းတယ်။ Macapagal Arroyo (2001-2010) လက်ထက်မှာ ပိုဆိုးလာတယ်။ အကြမ်းဖက်တိုက်ခိုက်မှု အဆိုးဆုံး Abusayaf အုပ်စုက ၂၀၀၁ မေ ၂၇ မှာ Palawan အနားယူစခန်းက လူ ၂၀ ပြန်ပေးလုပ်တယ်။ တစ်ဆက်တည်း Basilan Lamiton မြို့က ဆေးရုံက လူနာအပါအဝင် ဝန်ထမ်းတွေကို ပြန်ကယ်ယူရေးမှာ အစိုးရစစ်သား ၂၂ ယောက် ကျဆုံးတယ်။ ဓားစာခံ ၁၀ ယောက်ကျော် ခေါင်းဖြတ် သတ်ခံရတယ်။ မင်ဒါနာအိုမှာ အဲဒီလို ကြမ်းကြုတ်ရက်စက်မှုတွေ အတောမသတ်ပြန်ဖြစ်လာတယ်။ အဆိုးဆုံးတိုက်ပွဲက MILF နဲ့ အစိုးရတပ်တို့ ၂၀၀၉ ခုနှစ်မှာ စတင်ဖြစ်ပွားတဲ့ Cotabato မြောက်ဘက်ဒေသစစ်ပွဲပဲ ဖြစ်ပါတယ်။ MILF ထိန်းချုပ်တဲ့ ရွာ ၃၅ ရွာကို MMAR(Muslim Mindanao Autonomous Region)ထဲ သွတ်သွင်းလိုတဲ့ အချက်ကြောင့် ဖြစ်တယ်။ နောက်ဆုံး ဩဂုတ်လ ၉ ရက်နေ့မှာ Arroyo အစိုးရနဲ့ MILF တို့ သဘောတူညီမှု ရတယ်။

အောင်မြင်သလား မအောင်မြင်ဘူးလား။ တိုင်းပြည်ဆင်းရဲသွားပြီး စစ်အာဏာရှင်တွေ သက်ဆိုးရှည်နေတာ လူတစ်စုလက်ထဲ တိုင်းပြည်စီးပွားရေး ကျရောက်သွားတာ အဖြေပါပဲ။ နိုင်ငံရေးပြဿနာကို စစ်ရေးထက် နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့ လိုတယ်ဆိုတာ တွေ့မြင်နိုင်တယ်။

သမ္မတ Benigno Aquino (2010-2016) လက်ထက်မှာရော Aquino ဟာ နိုင်ငံရေး ဆွေးနွေးမှုနဲ့ သူ့နိုင်ငံ မင်ဒါနာအိုပြဿနာ ပြေလည်မယ် ယူဆပါတယ်။

ဒါကြောင့် သူ့လက်ထက်မှာ နိုင်ငံရေး ဆွေးနွေးပွဲတွေ ၂၀၁၁ ဇန်နဝါရီလကတည်းက IMT (International Monitoring Team) နဲ့ စတင်ဆက်သွယ်ပြီး ပြန်လုပ်ပါတယ်။ မင်ဒါနာအို ကျွန်းမကြီးမှာ MILF တို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အများအပြား ပြန်လုပ်ပါတယ်။ ဒါပေမဲ့ ၂၀၁၃ အထိ ပစ်ခတ်တိုက်ခိုက်မှုတွေ အရှိန်မလျှော့နိုင်သေးပါဘူး။ ဩဂုတ်လ ၂၀၁၁ Sulu ဒေသမှာတိုက်ခိုက်မှု၊ ၂၀၁၁အောက်တိုဘာ ၂၀ Basilan ဒေသမှာ ဖိလစ်ပိုင်တပ်ဖွဲ့ ၄၀ နဲ့ တိုက်ပွဲတွေဟာ ထင်ရှားသလို အဆိုးဝါးဆုံး ဖြစ်ခဲ့တာကတော့ MNLF ရဲ့ အဖွဲ့ခွဲ RME(Rogue MNLF Elements) ရဲ့ ၂၀၁၃ စက်တင်ဘာ ၉ ရက်နေ့မှာ Zamboanga မြို့တော်ခန်းမမှာ Bangsamoro Republic ကိုယ့်ဟာကိုယ် ကြေညာမှုပါ။

ဖိလစ်ပိုင်တရားလွှတ်တော်ချုပ်က ကြားနာဖို့ ဖြစ်လာတယ်။

အမျိုးသားအစွန်းရောက် အပြီးပြတ်ချေမှုန်းမယ်လို့ တရားသေယူဆတဲ့ သမ္မတ ၂ ဆက်မှာ အဖြေမှန် မရခဲ့ဘူးဆိုတာ တွေ့မြင်နိုင်တယ်။ ပိုမိုဆိုးဝါးသော ရက်စက်မှုများကို ပိုပြီး ဖြစ်ပွားလာတာ တွေ့ရတယ်။ လက်နက်ကိုင် အင်အားရှိပြီး နိုင်ငံရေး၊ ဘာသာရေး အစွန်းရောက်များပြားတဲ့ မိုရိုတို့ကြားမှာ လက်နက်နဲ့ ဖြေရှင်းခြင်းဟာ မထိရောက်ဘူးဆိုတာ ၁၉၉၈ ကနေ ၂၀၁၀ အထိ ၁၂ နှစ်ကာလကြားမှာ စစ်ပွဲအတိနဲ့ ဖြစ်ပျက်ခဲ့တာ သက်သေဖြစ်ခဲ့တယ်။

မြန်မာမှာလည်း ၁၉၆၂ က စလိုက်တဲ့ နိုင်ငံရေးမပြေလည်မှုတွေကို ပြည်တွင်းစစ်နဲ့ပဲ အဓိကဖြေရှင်းခဲ့တယ်။ ဘာများနေလဲ အောင်မြင်သလား၊ မအောင်မြင်ဘူးလား၊ တိုင်းပြည်ဆင်းရဲသွားပြီး စစ်အာဏာရှင်တွေ သက်ဆိုးရှည်နေတာ လူတစ်စုလက်ထဲ တိုင်းပြည်စီးပွားရေး ကျရောက်သွားတာ အဖြေပါပဲ။

နိုင်ငံရေးပြဿနာကို စစ်ရေးထက် နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့ လိုတယ်ဆိုတာ တွေ့မြင်နိုင်တယ်။

သမ္မတ Benigno Aquino (2010-2016) လက်ထက်မှာရော Aquino ဟာ နိုင်ငံရေး ဆွေးနွေးမှုနဲ့ သူ့နိုင်ငံ မင်ဒါနာအိုပြဿနာ ပြေလည်မယ် ယူဆပါတယ်။

ဒါကြောင့် သူ့လက်ထက်မှာ နိုင်ငံရေး ဆွေးနွေးပွဲတွေ ၂၀၁၁ ဇန်နဝါရီလကတည်းက IMT (International Monitoring Team) နဲ့ စတင်ဆက်သွယ်ပြီး ပြန်လုပ်ပါတယ်။ မင်ဒါနာအို ကျွန်းမကြီးမှာ MILF တို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အများအပြား ပြန်လုပ်ပါတယ်။ ဒါပေမဲ့ ၂၀၁၃ အထိ ပစ်ခတ်တိုက်ခိုက်မှုတွေ အရှိန်မလျှော့နိုင်သေးပါဘူး။ ဩဂုတ်လ ၂၀၁၁ Sulu ဒေသမှာတိုက်ခိုက်မှု၊ ၂၀၁၁အောက်တိုဘာ ၂၀ Basilan ဒေသမှာ ဖိလစ်ပိုင်တပ်ဖွဲ့ ၄၀ နဲ့ တိုက်ပွဲတွေဟာ ထင်ရှားသလို အဆိုးဝါးဆုံး ဖြစ်ခဲ့တာကတော့ MNLF ရဲ့ အဖွဲ့ခွဲ RME(Rogue MNLF Elements) ရဲ့ ၂၀၁၃ စက်တင်ဘာ ၉ ရက်နေ့မှာ Zamboanga မြို့တော်ခန်းမမှာ Bangsamoro Republic ကိုယ့်ဟာကိုယ် ကြေညာမှုပါ။

ဖိလစ်ပိုင်အစိုးရ တပ်ဖွဲ့တွေနဲ့ RME တို့ အသေအကြေတိုက်ခိုက်ကြတာ စက်တင်ဘာ ၂၈ ရက် အထိ နှစ်လနီးပါးကြာပြီးမှ အစိုးရတပ်ဖွဲ့တို့ နှိမ်နင်းနိုင်ပြီ ဖြစ်ကြောင်း ကြေညာနိုင်ခဲ့ပါတယ်။

ပြောရရင် ငြိမ်းချမ်းရေး လိုလားတဲ့ Aquino 3 လက်ထက်မှာတောင် တိုက်ပွဲအရှိန်တွေဟာ ၃နှစ် ၂၀၁၃ အထိ ဆက်လက်ဖြစ်ပွားဆဲ ဖြစ်ပါတယ်။

ဒါနဲ့ ၂၀၁၄ နှစ်ဦး ဇန်နဝါရီ ၂၄ ရက်မှာ အစိုးရဘက်က Miriam Coronel Ferer ဦးဆောင်တဲ့ အဖွဲ့နဲ့ MILF အဖွဲ့က Murad Ebrahim တို့ မလေးရှား ကွာလာလမ်ပူရ်မှာ ငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ထိုးကြတယ်။ ၃နှစ်၃မိုး တိုက်ခိုက်မှု အပြီးမှာမှ ပေါ်ပေါက်လာတဲ့ ငြိမ်းချမ်းရေးဖြစ်တယ်။ ရရှိတဲ့ သဘောတူညီချက်အရ မူဆလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ Bangsamoro ဒေသ ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ ဥပဒေက Bangsamoro Basic Law (BBL) ကို နှစ်ဖက်သဘောတူ ရေးဆွဲနိုင်ခဲ့ပြီး ဖိလစ်ပိုင်လွှတ်တော်မှာ ၂၀၁၅ မှာ အတည်ပြုတယ်။ ၂၀၁၆ မှာ စတင်အသက်ဝင်ဖို့ ဖြစ်လာတယ်။

အဲဒီ ဥပဒေအရ ပြင်းထန်တဲ့ ပဋိပက္ခကို လျှော့ချနိုင်ခဲ့တယ်။ ဒါကြောင့် သဘောတူညီချက်တွေကို ဥပဒေအရ ပြဋ္ဌာန်းခဲ့ပြီး နှစ်ဘက်စလုံး လိုက်နာစေခဲ့ခြင်းဟာ ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အဓိကကျတဲ့ အချက်ကြီးဖြစ်ခဲ့တာ အထူးသတိပြုဖို့ ဖြစ်တယ်။

ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီလိုသဘောတူညီချက်တွေဟာ ၁၉၉၆ သမ္မတ ရာမို့စ် လက်ထက်ကတည်းက ဖြစ်တယ်။ အကောင်အထည်ဖော်မှုပိုင်းနဲ့ ကတိကဝတ်ပြုမှု ပိုင်း monitoring ပိုင်းတွေမှာ အားနည်းချက်တွေရှိခဲ့လို့ အကြမ်းဖက်မှုတွေ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။ မြန်မာမှာဆိုရင် လက်ရှိ NCA ရဲ့ JMC (union.)မှာ ဖြစ်ပျက်နေတာတွေနဲ့ ပုံစံတူတယ်။ ဒါကြောင့် မင်ဒါနာအို အရေးအခင်းဟာ မြန်မာအတွက် ငြိမ်းချမ်းရေး ဖြစ်စဉ်ရဲ့ Monitoring အပိုင်းတွေ သင်ခန်းစာယူစရာအပြည့်ဖြစ်တယ်။

မြန်မာ့ ငြိမ်းချမ်းရေးမှာလည်း တပ်မတော်နဲ့ UNFC တို့ရဲ့ UNFC မူ (၈) ချက် ဆွေးနွေးမှုဟာ ဒီသဘောတရားနဲ့တူညီကြတယ်။ ၂၀၁၇မှာ အတော်လေးခရီးရောက်ပြီးမှ ဆုံးဖြတ်ချက်မကျဘဲ ရပ်ဆိုင်းသွားတာဟာ နစ်နာလှပါတယ်။ အရေးအကြီးဆုံးအပိုင်းက ဖိလစ်ပိုင်လွှတ်တော်က ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးခဲ့ခြင်းလိုမျိုး မြန်မာမှာလည်း ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်မယ့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဥပဒေပြုတာမျိုး ဆောင်ရွက်ရင် အကျိုးပြုနိုင်ကြောင်း တွေ့မြင်ရပါတယ်။

အရေးကြီးတဲ့ သဘောတူညီချက်က မြန်မာ့ငြိမ်းချမ်းရေးမှာ အငြင်းပွားနေကြတဲ့ DDR SSR လို ဖြစ်စဉ်တွေမှာ MILF ဘက်က လက်နက်စွန့်ဖို့ဖြစ်ပြီး အစိုးရတပ်ဖွဲ့တွေလည်း ဆုတ်ခွာဖို့ဖြစ်တယ်။ နှစ်ဦးသဘောတူ ရဲတပ်ဖွဲ့ထူထောင်မှု ဖြစ်တယ်။ ဒီလိုနည်းနဲ့ ကြီးမားတဲ့ (၂)ဘက် ယုံကြည်မှု တည်ဆောက်နိုင်တာဖြစ်တယ်။

သမ္မတ Aquinoဟာ ဖိလစ်ပိုင်သမ္မတ အဆက်ဆက်မှာ အအောင်မြင်ဆုံးသော ငြိမ်းချမ်းရေးအခြေခံ တည်ဆောက်သူအဖြစ် တွေ့မြင်နိုင်တယ်။

သမ္မတ Duterte (2016 - present) လက်ထက်မှာရော MILF နဲ့ MNLF တွေဟာ သူတို့ရဲ့ ငြိမ်းချမ်းရေး သဘောတူညီမှုတွေကို ရှေ့ဆက်ဖို့ကြိုးစားနေဆဲမှာပဲ Abusayyaf အုပ်စုကတော့ ဆက်လက်တိုက်ခိုက်နေဆဲဖြစ်တာ နဂိုကတည်းက all inclusiveness မဖြစ်ခဲ့လို့ပဲ။

Jolo basilan ဒေသတွေမှာ ဗုံးခွဲတိုက်ခိုက်မှုတွေ ဆက်လုပ်တယ်။ ၂၀၁၇မှာတော့ Marawi တိုက်ခိုက်မှုဟာ ကမ္ဘာကျော်ခဲ့တယ်။ ဒါနဲ့ပဲ MILF နဲ့ MNLF တွေနဲ့ တည်ဆောက်ထားတဲ့ Bangsamoro Autonomous

စာ - ၁၀ သို့ »




**တုတ်ထိုး** - အောင်မယ်၊ အောင်မယ်၊ စောစောစီးစီး လက်ဖက်ရည်ဆိုင်မှာ လာပြီး ဘာတွေ တွေးနေတာလဲ။
**အိုးပေါက်** - တိုင်းရေးပြည်ရေးအကြောင်း တွေးနေတာ။

**တုတ်ထိုး** - ကြီးကျယ်လှချည်လား။ ပြောစမ်းပါဦး ဘာတွေ တွေးနေပါလိမ့်။
**အိုးပေါက်** - ကျုပ်တို့ ကချင်ပြည်နယ် ကြားဖြတ်ရွေးကောက်ပွဲမှာ NLD က ဘာကြောင့် ရွေးကောက်ပွဲ ရှုံးရတာလဲ။

**တုတ်ထိုး** - ဆန် မဝေလို့ နေမှာပေါ့။
**အိုးပေါက်** - စကားအကောင်းပြောနော်။ မဲ ရှုံးလို့ စိတ်မကြည်မလင်ဖြစ်နေတာ။ ဒေါသတွေ ခင်ဗျားအပေါ် ပုံကျသွားမယ်။ ဘာမှတ်လဲ။

**တုတ်ထိုး -** ခင်ဗျားက NLD ကို မဲပေးခဲ့ပုံ ရတယ်။
**အိုးပေါက်** - ဒါပေါ့။

**တုတ်ထိုး** - အရင်တုန်းက ကြားဖူးတာ ရှိတယ်။ ဖဲရှုံးတဲ့ လက်သီးဟာ ပြင်းတယ်တဲ့။ အခုတော့ မဲရှုံးတဲ့လက်သီးနဲ့ လာတွေ့နေရတယ်။ ဟဲဟဲဟဲ။
**အိုးပေါက်** - ခင်ဗျားက ရယ်နေနိုင်သေးတယ်။

**တုတ်ထိုး** - မရယ်လို့ ငိုနေရမှာလား။ ရွေးကောက်ပွဲမှာ ပါတီတစ်ခုက အမြဲနိုင်ရမယ် ဆိုတာမှ မရှိတာ။ ရှုံးတဲ့ပါတီကလည်း ရန်ပြုစရာမှ မလိုတာ။ မဲရှုံးတဲ့လူက ဒေါသတွေ ထွက်ပြီး မြင်မြင်သမျှ၊ မည်းမည်းမြင်သမျှ လိုက်ပြီးရန်လိုနေမယ်ဆိုရင်တော့ နိုင်ငံရေး လုပ်မနေနဲ့တော့။ စပိန် သားရိုင်းသတ်ပွဲမှာသာ သွားနေလိုက်တော့။
**အိုးပေါက်** - ဟင်၊ ဘာမှလည်း မဆိုင်ဘူး။

**တုတ်ထိုး** - မသိဘူး။ ခင်ဗျားများ ခွေ့ချင်နေမလားလို့။
**အိုးပေါက်** - ဟွန့်၊ ပြော မပြော ချင်တော့ဘူး။

**တုတ်ထိုး -** ဒါနဲ့ NLD ပါတီက ဘယ်နေရာတွေမှာ ရှုံးခဲ့တာလဲ။
**အိုးပေါက်** - (၄) နေရာ ရှုံးခဲ့တယ်။ ဆိပ်ကမ်းရယ်၊ မတူပီရယ်၊ တမူးရယ်၊ ကချင်ရယ်။ အဲဒီနေရာတွေမှာ ရှုံးခဲ့တာ။ အံ့သြစရာကောင်းတာကပြည်ခိုင်ဖြိုးပါတီက အဲ့ဒီနေရာတွေကို အနိုင်ရသွားတာပါပဲ။

**တုတ်ထိုး** - ၂၀၁၅ တုန်းကတော့ ၈၀ ရာခိုင်နှုန်းနီးပါး နိုင်ခဲ့တာနော်။ ခုတော့ လစ်လပ် (၁၃) နေရာမှာ (၇) နေရာသာ နိုင်ခဲ့တာ။ ကချင် ဒီမိုကရက်တစ်ပါတီက NLD အမတ်လောင်းဒေါ်ယမ်ခေါန်ထက် ဆန္ဒမဲတစ်ရာကျော် အသာရခဲ့တယ်။ ပြည်ခိုင်ဖြိုးအမတ် ဦးဆီဟူးဒွေ့က မဲ ၂၃၀၀၀ ကျော် အသာနဲ့ အနိုင်ရခဲ့တယ်။
**အိုးပေါက်** - ၂၀၂၀ ရွေးကောက်ပွဲမှာ ဘယ်လိုကျော်ဖြတ်ကြမလဲ။ NLD ပါတီအနေနဲ့ ဘယ်လိုခရီးဆက်ကြမလဲ။

**တုတ်ထိုး** - ၂၀၂၀ ပွဲကတော့ အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်လာမှာ သေချာတယ်။
**အိုးပေါက်** - ကြားဖြတ်ရွေးကောက်ပွဲမှာ NLD ပါတီအနေနဲ့ သင်ခန်းစာယူစရာတွေ ရပါလိမ့်မယ်။ အဲ့ဒီကနေ သင်ခန်းစာ ယူရမယ်။

**တုတ်ထိုး** - ဘာတွေ လုပ်ရမလဲ။
**အိုးပေါက်** - မာန်မတက်ပါနဲ့။ ပြည်သူကို မထင်မသေးပါနဲ့။ ပြည်သူကိုပစ်မထားပါနဲ့။ ပြည်သူလူထုနဲ့ ထိတွေ့ပါ။

**တုတ်ထိုး** - အခု ကြားဖြတ်ရွေးကောက်ပွဲ ရှုံးတော့ တချို့ ပါတီဝင်တွေဟာ လူမှုကွန်ရက်တွေမှာ ပေါက်ကွဲပြကြတာ တွေ့ရတယ်။ အခုလို ရှုံးတာဟာ ဗမာတွေက အသာနေပြီး မဲ မထည့်ကြလို့ ဆိုတာမျိုးတွေ ဖော်ပြရေးသားကြတယ်။ ဒါတွေဟာ မရေးသင့် မလုပ်သင့်တာမျိုးတွေပဲ။ ဒါတွေဟာ ပိုပြီးတော့ အရှုံးနဲ့ ရင်ဆိုင်ရစေလိမ့်မယ်။ ပြည်သူတွေ ဒဏ်ခတ်တာ မခံချင်ကြပါနဲ့။
အိုးပေါက် - တစ်ယောက်ကတော့ လူမှုကွန်ရက်မှာ တင်ထားတာ တွေ့ရတယ်။ ပြည်သူတွေ တော်ပါတယ်။ သူတို့ညံ့ပါတယ်။ အမေ့ကို မျက်နှာပြရမှာ ရှက်ပါတယ်ဆိုတာမျိုး ရေးထားတာ တွေ့ရတယ်။

**တုတ်ထိုး** - အမှားကို ဝန်ခံရဲတာ သတ္တိရှိတာပဲ။ ပြောရရင် ငါ အာဏာရပြီ၊ ငါ နေရာ ရပြီဆိုပြီး အမောက်ထောင်နေတဲ့ သူတွေအတွက် ကြားဖြတ်ရွေးကောက်ပွဲဟာ သူတို့အတွက် မြွေစွယ်ကျိုးသွားစေပါလိမ့်မယ်။ သူတို့ သင်ခန်းစာ ရပါလိမ့်မယ်။ ဒါဟာ အဆိုးထဲက အကောင်းဖြစ်ပါလိမ့်မယ်။
အိုးပေါက် - သမ္မတ မဲဆန္ဒနယ်ဖြစ်တဲ့ တာမွေမှာ နိုင်ခဲ့ပေမယ့် ဆိပ်ကမ်းမှာ ရှုံးနိမ့်သွားတာလည်း အံ့သြစရာကောင်းတယ်။ ပြည်ခိုင်ဖြိုး နိုင်ခဲ့တယ်။

**တုတ်ထိုး** - ပြည်ခိုင်ဖြိုး နိုင်ခဲ့တယ်လို့ပြောတာထက် ပြည်ခိုင်ဖြိုးကိုယ်စားလှယ်လောင်း ဦးနေမျိုးအောင် နိုင်ခဲ့တာလို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။
**အိုးပေါက်** - ဘာလို့လဲဗျ။

**တုတ်ထိုး** - သူက လူထုနဲ့ ထိတွေ့တယ်။ သူ့သတင်းတွေက မွှေးနေတာ။ ရပ်ကွက်ထဲက လူတွေကို ညီအစ်ကိုလို ပေါင်းတယ်။ NLD က လူတွေက ရွေးကောက်ပွဲနီးမှ လူထုနဲ့ ထိတွေ့တာ။ ဦးနေမျိုးအောင်ကတော့ အောက်ခြေ ပြည်သူလူထုနဲ့ ထိတွေ့ချစ်ခင်မှု ရှိတယ်။ မဲထည့်တဲ့လူတွေက ပြောကြတယ်။ ဦးနေမျိုးအောင်ကို မဲထည့်တာဟာ ပါတီကိုကြည့်ပြီး မဲထည့်ခဲ့တာ မဟုတ်ဘဲ လူကိုကြည့်ပြီး မဲထည့်ခဲ့ကြတာတဲ့။
**အိုးပေါက် -** ဒါလည်း သင်ခန်းစာ ယူစရာပါပဲ။ ပါတီကို ကြည့်ပြီး မဲထည့်ခဲ့ကြပြီးပြီ။ ခုတော့ လူကို ကြည့်ရတော့မယ့်အလှည့်ပဲ။ အဲ့ဒီမှာ ၂၀၁၅တုန်းက ပြည်သူတွေက NLD ကို မဲထည့်ခဲ့ကြတယ်။ အခု ပြည်သူတွေကလည်း အဲ့ဒီပြည်သူတွေပဲ။ ဒါပေမဲ့ လူထုနဲ့ ထိတွေ့ခဲ့သူတွေကိုပဲ ထည့်ခဲ့ကြတာပဲ။

**တုတ်ထိုး** - ဒါ သဘာဝကျပါတယ်။ ဒီတော့ အရှုံးထဲက သင်ခန်းစာ ယူထိုက်တာ ယူကြပေါ့။ ဒါဟာ လှပစွာ ရှုံးနိမ့်ခြင်းပါပဲ။

**အိုးပေါက်** - NLD အနေနဲ့ ၅၄ ရာခိုင်နှုန်းပဲ နိုင်ခဲ့တာ။ ၂၀၂၀ အိပ်မက်အတွက် ပြောင်းလဲဖို့ အချိန်တန်ပြီ။ NLD ပါတီကို ပြန်လည်ပြင်ဆင်သင့်တာတွေ ပြင်ရမယ်။ လူသစ်တွေ မူသစ်တွေနဲ့ ပြင်သင့်တာ ပြင်ရမယ်။

**တုတ်ထိုး** - အခု ကြားဖြတ်ရွေးကောက်ပွဲမှာ မဲပေးသူတွေ နည်းတယ်။ ကြားဖြတ်ရွေးကောက်ပွဲကို စိတ်မဝင်စားကြဘူး။ ဒါတွေကို ပြည်သူ့အပြစ်ပဲလို့တော့ မမြင်ကြနဲ့ပေါ့။ ပြည်သူတွေဟာ လိုအပ်ရင် ၂၀၁၅ တုန်းကလိုပဲ ယုံယုံရဲရဲ ရပ်တည်ကြပါလိမ့်မယ်။ ဒီတော့ ကြားဖြတ်ရွေးကောက်ပွဲဟာ ပြည်သူကပေးတဲ့ သင်ခန်းစာလို့ မှတ်ပါ။
**အိုးပေါက်** - ဟုတ်တယ်။ အမှောင်ခေတ်ကြီးထဲမှာ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ကြရတဲ့ပြည်သူတွေဟာ ၂၀၂၀မှာလည်း အမှောင်ခေတ်ကြီးထဲ ဖြတ်သန်းချင်ကြမှာ မဟုတ်ပါဘူး။

**တုတ်ထိုး** - ၂၀၁၅ တုန်းက ရှုံးနိမ့်ခဲ့တဲ့ ပြည်ခိုင်ဖြိုးပါတီအတွက်လည်း အခု ရလာဒ်ဟာ အတိုင်းအတာတစ်ခုထိတော့ စိတ်ဓာတ်ခွန်အား တက်လာကြပါလိမ့်မယ်။
**အိုးပေါက်** - ပြည်သူတွေကတော့ သုမနကျောမှ ဒဏ်ရာတွေနဲ့မို့ ကျားခံတွင်းထဲတော့ ခုန်ချကြတော့မှာ မဟုတ်ပါဘူး။

**တုတ်ထိုး -** ဟုတ်တယ်။ ၂၀၂၀ မှာလည်း ပြည်သူတွေဟာ လှပတဲ့ အနာဂတ်ကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။
**အိုးပေါက်** - မြန်မာပြည် ငြိမ်းချမ်းပါစေ။

**တုတ်ထိုး** - မြန်မာပြည် ငြိမ်းချမ်းပါစေ။ ။

SIM GLOBAL EDUCATION
A Member of the SIM Group




စင်ကာပူနိုင်ငံရှိ အထင်ကရ တက္ကသိုလ်ကြီးတစ်ခုဖြစ်သော Singapore Institute of Management Global Education (SIM GE) ၏ ကျောင်းဝင်ခွင့်နှင့် (100%) ရာနှုန်းပြည့် ပညာသင်ဆုများ ပေးအပ်မည့် ပညာရေးအခွင့်အလမ်းများအကြောင်း ဟောပြောပွဲ

**မြစ်ကြီးနား**
၁၇-၁၁-၂၀၁၈ (စနေနေ့)
ညနေ (၃:၀၀)နာရီ မှ (၅:၀၀)နာရီ
မဒီရာဟိုတယ်၊ မြစ်ကြီးနား။

**ရန်ကုန်**
၁၉-၁၁-၂၀၁၈ (တနင်္လာနေ့)
နံနက် (၁၁:၀၀)နာရီ မှ (၁:၀၀)နာရီ
၇၂၊ ချင်းတွင်းလမ်း၊ ကမာရွတ်။

◆ SIM GE၏စစ်တမ်းများအရ ဘွဲ့ရများ၏ ၈၃-ရာခိုင်နှုန်း ကျောင်းသား/သူများသည် (၆)လ အတွင်း လုပ်ငန်းခွင်သို့ ဝင်ရောက် လုပ်ကိုင်နိုင်ခြင်း စသည့် အခွင့်အရေးများအကြောင်းကို Singapore Institute of Management Global Education (SIM GE) မှ တာဝန်ရှိသူကိုယ်တိုင် အသေးစိတ် ဟောပြောပေးသွားမည်ဖြစ်သည်။

RVi INSTITUTE
Centre for Higher Education

စုံစမ်းမေးမြန်းမှုများအတွက် 09 2547 11898
09 2500 06421
01 2305 998

edutrust SINGAPORE

# ပန်းချီပေါ်သိမ်း ဖြတ်သန်းသွားသော မြစ်ကြီးနား

အင်ခိုင်ဘွမ်ရေးသားသည်။


မြန်မာ မော်ဒန်ပန်းချီ ခေတ်ပြိုင်အနုပညာနှင့် ပတ်သက်လျှင် လက်စွဲထားရသည့် မြန်မာ့ခေတ်ပြိုင်အနုပညာ ၁ စာအုပ်တွင် ပန်းချီပေါ်သိမ်း အကြောင်းကိုအနည်းငယ်သာ ဖတ်လိုက်ရသည်။ တကယ်တော့ ပန်းချီပေါ်သိမ်း အကြောင်း သိသင့်သည်မှာ အများကြီးဖြစ်သည်။ ထို ကွက်လပ်ကို ဆရာလှိုင်ဘွားက ပန်းချီပေါ်သိမ်းစာအုပ်ဖြင့် ဖြည့်ဆည်းပေးခဲ့သည်။ ပန်းချီပေါ်သိမ်းသည် ၁၉၆၀ ကျော် ကာလများတွင်မော်ဒန်ပန်းချီကို အရူးအမူးစွဲလမ်းပြီး နောက်ပိုင်းမျိုးဆက်သစ်များကိုလည်း ပြန်လည်ဖြန့်ဝေပေးခဲ့သည်။ မြန်မာနိုင်ငံတွင် သက်တမ်း အရှည်ကြာဆုံး လောကနတ် အနုပညာပြခန်း၏ အဖွဲ့ဝင်၊ ရန်ကုန်တွင် အောင်မြင်သည့် ပန်းချီသင်တန်းကို ဖွင့်ခဲ့သည်။ အနုပညာဖန်တီးမှုများဖြင့် ထုံမွှန်းသော အရှေ့ရှာ စားသောက်ဆိုင်၊ နာမည်ကျော် Peacock Gallery ၏ တည်ထောင်သူနောက် အမေရိကားသို့ ထွက်ခွာပြီး ပန်းချီဆွဲသည်။ အမေရိကန် (ဟိုနိုလူလူ၊ ဝါရှင်တန်ဒီစီ၊ ဂျော်ဂျီယာ၊ နယူးယောက်)၊ ဂျာမနီ (ဘွန်း)၊ ပြင်သစ်(ပါရီ)၊ ထိုင်း (ချင်းမိုင်)၊ ဖိလစ်ပိုင်တို့တွင် ပန်းချီပြပွဲများ ပြုလုပ်ခဲ့သည်။


ပန်းချီပေါ်သိမ်းကွယ်လွန်သောအခါ အမွေဆက်ခံသူမရှိသဖြင့် ပေါ်သိမ်း၏ အိမ်ခြံမြေ ကားများ၊ ဆိုင်ကယ်များနှင့် ပန်းချီကား ၆၀၀ ကျော်ကို အမေရိကန်ပြည်နယ် အစိုးရက ချိတ်ပိတ်သိမ်းဆည်းထားခဲ့သည်။ "အခုခေတ် ပန်းချီဆရာတွေ ပါဖောမင့်တို့၊ အင်စတော်လေးရှင်းတို့ လုပ်တာမျိုးလောက်ကတော့ ဟိုးဘက်ခေတ်ကတည်းက ပေါ်သိမ်းတို့ အကုန်လုပ်ခဲ့ပြီးပြီ။ အရှေ့ရှာစားသောက်ဆိုင်မှာဆိုရင် တဲကြီးရဲ့ ခေါင်မိုးပေါ်မှာ ကုလားထိုင်ကြီးနှစ်လုံးကိုကြိုးနဲ့ချည်ပြီး တင်ထားတာမျိုးတွေ လုပ်ထားတယ်။ နောက်ပြီး အဲဒီခေတ်မှာ ပေါ်သိမ်းက ဘယ်လောက်ထိ ခေတ်ရှေ့ပြေးလဲဆိုရင် ဆံပင်အရှည်နဲ့ ဂျင်းဘောင်းဘီအရှည်နဲ့ ရန်ကုန်မြို့ထဲမှာ မီနီမိုင်နာကား တစ်စင်းနဲ့ ဒိုးနေတာ။ အဲဒီခေတ်တုန်းကကို အဲဒီလိုဒီဇိုင်းမျိုးက ရန်ကုန်မှာ သိပ်မရှိသေးဘူး" ကဗျာဆရာလှသန်းက အမှတ်ရခဲ့သည်။

မြန်မာ မော်ဒန်ပန်းချီ သမိုင်းတွင် ချန်လုပ်၍မရသော ပန်းချီပေါ်သိမ်း၏မော်ဒန်လက်ရာများသည် မြစ်ကြီးနားတွင် ခိုင်မာခဲ့သည်ဟု မှတ်တမ်းများက ဆိုကြသည်။ ပန်းချီပေါ်သိမ်း၏ မိဘများသည် ရွှေဘိုမှ မြစ်ကြီးနားသို့ ပြောင်း၍ ရက်ကန်းလုပ်ငန်း လုပ်ကိုင်ကြသည်။ ဒေါ်မြကြည်ရက်ကန်းရုံမှ ကချင်လုံချည်များမှာ နာမည်ကြီးသည်။ ပေါ်သိမ်းသည်မန္တလေး တက္ကသိုလ်တွင် မော်ဒန်ပန်းချီကို အရူးအမူးလိုက်စားရေးဆွဲနေခဲ့သည်။ ပန်းချီကားများ ရောင်းရသည်။ ရောင်းရသမျှကို ပန်းချီပစ္စည်းများဝယ်ယူ၍ ဆွဲနေခဲ့သည်။ ၁၉၆၇ ခုနှစ်ခန့် ကျောင်းပိတ်ချိန်တွင် ရွှေဘိုသို့ ပြန်လာချိန် ကျူရှင်ပြသည်။ ထိုစဉ်က အ'သုံးလုံးသင်တန်း အတွက် သူကြီးက ပိုက်ဆံကောက်သည့်အကြောင်း မန္တလေးဟံသာဝတီသတင်းစာသို့ ပို့လိုက်ရာ အဖမ်းခံရပြီး တစ်လခွဲခန့် အချုပ်ကျခဲ့သည်။ ဖခင်ဖြစ်သူက ထောင်မှထုတ်ကာ မြစ်ကြီးနားသို့ ခေါ်သွားခဲ့သည်။ မြစ်ကြီးနားတွင် သားဖြစ်သူ ပန်းချီဆွဲရန် နှစ်ထပ်အိမ်တစ်လုံးကို ငှားပေးခဲ့သည်။

ပန်းချီပေါ်သိမ်းသည် အခန်းအောင်း၍ ပန်းချီဆွဲသည်။ ဖခင်ဖြစ်သူက ပေါ်သိမ်းကြိုက်သည့် အမဲခြောက်နှင့်ထမင်းဆီဆမ်းကို စီစဉ်ပေးထားသည်။ ပန်းချီပေါ်သိမ်းသည် မြစ်ကြီးနားတွင် ပန်းချီကားများစွာ ရေးဖြစ်ခဲ့သည်။ အိန္ဒိယ-မြန်မာနယ်စပ်သို့သွားသည်။ နာမည်ကျော် လီဒိုလမ်းမကြီး၊ ဗန်းမော်အရှေ့ဘက်အခြမ်း တရုတ်-မြန်မာ နယ်စပ်၊ ပူတာအို၊ မူလာရှီးဒီးရွာသို့သွားသည်။ ထိုဒေသများတွင် ပန်းချီပေါ်သိမ်းသည် အာရုံခံစားမှုကောင်းကောင်းဖြင့် ရေးဆွဲနိုင်ခဲ့သည်။ မော်ဒန်ဟန်များသည် ရာနှုန်းပြည့်တိုးတက်ကောင်းမွန်ခဲ့သည်။ သူငယ်ချင်းများနှင့်လည်း ဖိမ်ခန်းများ၊ ကချင်မီးတောက်အရက်ဆိုင်များသို့ သွားကြသည်။ ဝါးကျည်တောက်ဖြင့် ရှူရသည့် ဘိန်းခန်းများသို့ သွားကြသည်။ ကချင်ပြည်နယ်တွင် နေရသည့် ထိုကာလများသည် ပေါ်သိမ်းအတွက် အပျော်ဆုံးနေ့ရက်များ ဖြစ်ခဲ့သည်။ ထို့ကြောင့် ပေါ်သိမ်းသည် ကချင်ပြည်နယ်ကိုဂုဏ်ပြုလိုသည့်အတွက် မြစ်ကြီးနားတွင် ပန်းချီပြပွဲတစ်ပွဲကို ပြုလုပ်ခဲ့သည်။ ထိုနေရာသည်မြစ်ကြီးနားဈေးမြောက်ဘက်တွင်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းကျဉ်းလေးတွင် ဖြစ်သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ၏ သက်တမ်းရင့် ပန်းချီပြခန်းဖြစ်လာမည့် လောကနတ်ပန်းချီပြခန်းက ပေါ်သိမ်းကိုအဖွဲ့ဝင်အဖြစ် ကမ်းလှမ်းခဲ့သည်။ ပေါ်သိမ်းလည်း သူ၏ ပန်းချီကားများကို သူငယ်ချင်းလေးယောက်မှ အကူအညီဖြင့် ရန်ကုန်သို့ပို့ခဲ့သည်။ ထို့နောက် ၁၉၇၂ ခုနှစ်တွင် ကျန်ပန်းချီကားများနှင့်အတူ ရန်ကုန်သို့ ရထားဖြင့်ဆင်းခဲ့လေသည်။ ရန်ကုန်တွင် ကချင်မနေခအက မော်ဒန်ပန်းချီကားများ ရေးဆွဲခဲ့သေးသည်။ သူမြစ်ကြီးနားတွင် ဆွဲလာသော ပန်းချီကားများကိုလည်း ရန်ကုန်ပန်းချီဆရာများကို ပြသည်။ "ခေတ်စကားနဲ့ပြောရရင် အဲဒီကားတွေက တော်တော်လတ်ဆတ်တယ်။ ဟိုက လူတွေက ရိုးသားတယ်ဗျ။ ရိုးသားတာနဲ့ သွားတွေ့တော့ တစ်ထပ်တည်းပဲ။ အဲဒီမှာ သူ တော်တော်ကို ပျော်ခဲ့တယ်" ဝါရင့်မော်ဒန်ပန်းချီဆရာ ဖေညွန့်ဝေက ဆိုသည်။

ပန်းချီပေါ်သိမ်းသည် သူ၏ ရဲရင့်၍လွတ်လပ်သော၊ အရောင်၊ မျဉ်း၊ ဒီဇိုင်းများ၊ ဖန်တီးမှုများ အားကောင်းလှသော မော်ဒန်ပန်းချီကားများ အတွက် မြစ်ကြီးနားတွင် အားယူခဲ့လေသည်။ ပန်းချီပေါ်သိမ်း၏အကြောင်းကို အမေရိကန် စာရေးဆရာတစ်ဦးက ရေးနေသည်။ သူ့အကြောင်းကို ဟောလိဝုဒ်က ရုပ်ရှင်ရိုက်ရန် ကမ်းလှမ်းခဲ့ဖူးသည်ဟု သူက ဆိုသည်။ ၂၀၁၄ ခုနှစ်၊ အမေရိကန်တွင်ပေါ်သိမ်းကွယ်လွန်ခဲ့သည်။ ကမ္ဘာနှင့်မြန်မာအတွက် သူ၏ပန်းချီအနုပညာ ဖန်တီးမှုများ ကျန်ရစ်ခဲ့သည်။ "သူက မြစ်ကြီးနားမှာ အထင်ကရနော်။ မြစ်ကြီးနားမှာ ကောက်သစ်စားပွဲဆို သူဆွဲပေးတာ။ အဲဒါ အခုချိန်အထိ ကချင်အဖွဲ့တွေက သိကြတယ်။ ကျွန်မတို့နေတဲ့နားက ကချင်အမျိုးသမီး ခေါင်းဆောင်၊ ဆန်းဒေးစကူးလ် အမျိုးသမီးခေါင်းဆောင်။ အဲဒီမှာ ကျွန်မတို့ အိမ်အနောက်ဘက်မှာ ကောက်သစ်စားပွဲ အကြီးအကျယ်လုပ်တာ။ အဲဒီ ကျွန်မတို့ကျွန်းပင်သာမုခ်ဝမှာ သူဆွဲပေးတဲ့ဆိုင်းဘုတ်ကြီးနဲ့။ သူတို့တစ်တွေ အခုချိန်အထိ သတိရတုန်း။ အမေရိကားမှာလို့ ပြောပြရတာပေါ့။ အကုန်လုံး သတိတရရှိကြတယ်။ အစ်ကို ပန်းချီဆွဲတာတော်တယ်ပေါ့လေ။ မြစ်ကြီးနားမှာ ကျွန်းပင်သာရပ်ကွက်က သင်းအုပ်ဆရာကအစ အစ်ကိုကြီးကိုသိတယ်"ဟု ညီမဖြစ်သူ ဒေါ်ခင်မာဆွေက အမှတ်တရ ပြောလေသည်။





ရည်ညွှန်း - ပန်းချီပေါ်သိမ်း (လှိုင်ဘွားပြုစုသည်)

# စစ်မက်နှင့် ပညာရေး



မောင်လင်းအောင် (မနော‌မြေ)

ဩော်. . . "အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး"တဲ့။ အမှန်စင်စစ် ဧကန်မုချ တရားမျှတမှုသည် ရှိမြဲ ရှိသင့်ပြီ။ ကမ္ဘာကြီး မီးလောင်၍ သားကောင်များ ချနင်းခံနေရသည့် ပမာ။ အထင်အမြင်အယူအဆ အမျိုးမျိုးကြားမှ မလွတ်မြောက်မရုန်းထွက်နိုင်သေးပြီ။

အဘယ်သို့ အဘယ်သို့ ဖြစ်အံ့နည်း။ အကောင်းဆုံးကို တွေးတောပြီး အဆိုးဆုံးကို ဆင်ခြင်သုံးသပ်ရန် ပျမ်းမျှရှာရန် တစ်ခါတစ်ရံမျှ ညှိနှိုင်းဖြေရှင်းမရနိုင်ပြီလား။

ငယ်စဉ်က ကျောင်းအုပ်ဆရာကြီးကို သတိတရရှိမိ၏။ ဆရာကြီးသည် မိမိဘဝ အဆင်ပြေမှုထက် မိမိ၏ ကျောင်းသားကျောင်းသူများ ဆရာ၊ ဆရာမများ၏ ရှေ့ရေး၊ အဆင်ပြေရေးတို့ကို အမြဲတစေ ရှာဖွေနေသူတစ်ဦးဖြစ်၏။

တစ်နေ့သော် ကျောင်းသားတစ်ယောက်သည် ဆရာ၊ ဆရာမများအပေါ် အလွန်အမင်း မိုက်ရိုင်းကြမ်းတမ်းစွာ ရန်ပြုဆဲဆိုသည့်အတွက် ဆရာကြီးထံ တိုင်ကြားခံရ၏။ ပုံမှန်ဆိုလျှင် မှတ်တမ်းကောင်းမရှိသော ထိုကျောင်းသားအဖို့ ကျောင်းတွင် ပညာဆက်လက်သင်ယူရန် မျှော်လင့်ချက် မရှိတော့ပြီ။ ကျောင်းသားကိုယ်တိုင်လည်း ကျောင်းမှထုတ်ပယ်ခံရတော့မည်ကို တွက်ဆမိလိမ့်မည်။

သို့သော်. . .

ပညာအမြော်အမြင် ပြည့်ဝပြီး စိတ်ကောင်းနှလုံးကောင်းရှိသော ဆရာကြီးကား ထိုကျောင်းသားကို အပြစ်ပေးထုတ်ပယ်ရမည့်ထက် လမ်းကြောင်းမှန်၊ နေရာမှန်သို့ ရောက်အောင် တွန်းပို့လိုသူဖြစ်သည်။ "တပည့်တွေ ဆိုးတာ ဆရာတွေဆိုးလို့"ဟုမကြာခဏ ပြောလေ့ရှိသော ဆရာကြီးသည် ထိုကျောင်းသားအတွက် စိတ်နှလုံးမချမ်းမြေ့။ မည်မျှပင် ဆိုးသွမ်းစေကာမူ ဘဝတက်လမ်းအတွက် ပြုစုပျိုးထောင်ပေးသော ကျောင်းတော်ကြီးမှ အထိန်းအကွပ်မဲ့သောလမ်းမပေါ် တင်မပေးလို။ ကျောင်းသားတစ်ယောက်၏ ဘဝကို မည်သည့်အခါမှလည်း ပစ်စလက်ခတ် အဆုံးအဖြတ်မပေးခဲ့။

ဆရာကြီးသည်ထိုကျောင်းသားကို အချိန်ကာလတစ်ခုတွင် လိမ်မာယဉ်ကျေးစေကာ နေရာမှန် လမ်းကြောင်းမှန်သို့ ပို့ဆောင်ပေးနိုင်ခဲ့လေ၏။ အများအကျိုး ငဲ့ကြည့်တတ်သော ဆရာကြီး၏ စိတ်ရင်းစေတနာမှာ အံ့မခန်းပင်။

တစ်ခါတစ်ရံ လောက၌ လက်ဖဝါးကိုသာ ကြည့်၍မြင်၍ လက်ဖမိုးအား မမြင်ကြသဖြင့် မတူညီမှုများ၊ ကွဲလွဲမှုများကို ဖြစ်ပေါ်စေ၏။ လက်ခုပ်တီးရာတွင် လက်နှစ်ဘက်တီးမှသာ မြည်နိုင်၏။ ဆိုလိုရင်းအကြောင်းကား ကိစ္စရပ်တိုင်း၏ ကွဲပြားမှုများသည် နှစ်ဦးနှစ်ဘက်ပေါ်တွင် မူတည်နေကြောင်း တွေ့ရှိရပေပြီ။ အရေးကြီးသည်မှာ အမှန်တကယ် ညှိနှိုင်းဖြေရှင်းရန်သာ လိုတော့သည်။

စင်စစ်မူကားပြည်တွင်းစစ်ဖြစ်ပွားရသည့် အကြောင်းအရင်းများ မြောက်မြားစွာ ရှိနိုင်ပေသည်။ မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းသင့်ပါသနည်း။ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ သက်ဆိုင်သူတို့ ညှိနှိုင်းတိုင်ပင်ရာတွင် ပြည်သူလူထုကို အခြေခံသင့်၏။ ကိစ္စရပ်တိုင်းတွင် အခက်အခဲ အကျပ်အတည်းများရှိနေနိုင်သော်လည်း ဟီရိဩတပ္ပတရား ရင်ဝယ်ထားကာ ညှိနှိုင်းဆောင်ရွက်သင့်ပေပြီ။ အချိန်ကာလတစ်ခုပေးရမည်မှာ မှန်သည်။ သို့သော် အချိန်ကာလသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စောင့်ဆိုင်းမနေပါ။ ကုန်လွန်ခဲ့ပေါင်း များလေပြီ။

တိုးတက်ပြောင်းလဲမှု မြန်ဆန်လှသော ယနေ့ခေတ်ကမ္ဘာကြီး ထိုသို့ တိုးတက်ပြောင်းလဲခြင်း၏ အဓိကအချက်ကား ပညာရေးစနစ်ကြီး တိုးတက်ပြောင်းလဲလာခြင်းကြောင့်ပင် မဟုတ်ပါလော။ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာမှသာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဘက်ဘက်မှ တိုးတက်လာနိုင်မည် ဖြစ်သည်။

ပြည်တွင်းစစ်မက်ကား တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲစေ၏။ လက်ခုပ်နှစ်ဘက်ကြား ရောက်နေသော ပြည်သူပြည်သား တိုင်းရင်းသားတို့မှာ အထိနာကြရသည်။ ဘဝများ ပေးဆပ်ကြရသည်။

သေနတ်သံ၊ ဗုံးသံများ ဆူညံနေသော စစ်မက်ဖြစ်ပွားရာ ဒေသတွင် အဘယ်သို့သော ကျောင်းသား/သူများ၊ ဆရာ/မများ လွတ်လပ်စွာ ပညာသင်ကြားနိုင်အံ့နည်း။ မလွယ်ကူလှပါ။ ခက်ခဲကြမ်းတမ်းလှသည်။ ရင်နင့်ဖွယ်ကောင်းလှသည်။

ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းနိုင်ငံတော်အတွက် ဧကန်မုချ အရေးကြီးလှသော ပညာရေးစနစ်ကြီးသည် "ပြည်တွင်းစစ်" ဟူသော ထိတ်လန့်ကြောက်မက်ဖွယ်ရာ ဝေါဟာရအောက်တွင် တိမ်ကော ငုပ်လျှိုး မသွားသင့်ပေ။ စစ်မက်ဖြစ်ပွားရာဒေသမှ ပြည်သူတို့လည်း အမိနိုင်ငံသားများ ဖြစ်သည့်အားလျော်စွာ တန်းတူရည်တူ လွတ်လပ်စွာ ပညာသင်ယူခွင့် ရသင့်သည် မဟုတ်ပါလား။

ဖြစ်ပျက်နေသော အကြောင်းအရာများသည် ပြန်လည် သင့်မြတ် အဆင်ပြေချောမွေ့သင့်သည်ဟု ထင်မြင်မိသည်။ ကျွန်ုပ်တို့ စဉ်းစားအဖြေရှာသင့်ပြီ။

တစ်ခါက နမ်ဆန်ယန်ဘက်မှ ကျောင်းသားတစ်ဦး ကျွန်တော့်ထံ လာရောက်၍ ကျူရှင်ပြခိုင်းသည်။ မိမိမှာ ပရော်ဖက်ရှင်နယ် ကျူရှင်ဆရာတစ်ယောက် မဟုတ်ပါကြောင်း၊ မိမိနေခဲ့သည့် အဆောင်၌သာ ဂိုက်ဆရာအဖြစ် ဆောင်ရွက်ကြောင်း ရှင်းပြရ၏။ သို့သော် ကျောင်းသားမှာ ဘော်ဒါဆောင်နေရန် မတတ်နိုင်သဖြင့် အဆင်မပြေ၊ ဒုက္ခရောက်နေကြောင်း၊ ဆယ်တန်းကို လွန်စွာအောင်မြင်လိုကြောင်း တဖွဖွပြောရှာသည်။ ထိုကဲ့သို့သော ကျောင်းသားမျိုး မည်မျှပင် ရှိနိုင်ပါသနည်း။

မိမိသည်ပင်လျှင် ဆင်းရဲချို့တဲ့စွာ ပညာသင်ယူခဲ့ရသည့်အတွက် လွန်စွာစာနာမိသည်။ ထို့ကြောင့် ထိုကျောင်းသားအုပ်စုအား စာသင်ပြပေးဖြစ်ခဲ့သည်။ သူတို့လေးတွေ အောင်မြင်သွားခဲ့ကြပါပြီ။ ကျေနပ်မိသည်။ ပီတိဖြစ်မိသည်။ သို့ပေမဲ့ မိမိကယ်တင်နိုင်လိုက်သည်မှာ နှမ်းစေ့လေးများသာ၊ နှမ်းခင်းပေါင်းများစွာ ကျန်ရှိနေသေး၏။ ကျွန်ုပ် မတတ်နိုင်တော့ပေ။ သို့သော် အဖြေရှာမိသည်။ အကယ်၍ပင် ထိုဒေသများတွင် ငြိမ်းချမ်းစွာ ပညာသင်ယူနိုင်ပါက အလားတူအခက်အခဲများ ရှိလာနိုင်မည်မဟုတ်။ ငြိမ်းချမ်းစွာ ပညာသင်ယူနိုင်ခွင့် ရရှိရန် ဒေသတွင်းငြိမ်းချမ်းရေး ရှိဖို့လိုသည်။ ဒေသတွင်း ငြိမ်းချမ်းရေးသည် ပြည်တွင်းစစ်၏ ရန်သူ၊ ပြည်တွင်းစစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ပြည်တွင်းစစ်ကြီး အမြန်ရပ်စဲဖို့ အမှန်တကယ် လိုအပ်နေပေပြီ။

လူငယ်တို့၏ အနာဂတ်သည် တိုင်းပြည်၏ အနာဂတ် အမှန်ပင် ဖြစ်သည်။ မရေရာသော အနာဂတ်၊ မလှပခဲ့သော အတိတ်ကာလတို့ကား ယခုပစ္စုပ္ပန်တွင် ကြောက်ရွံ့တုန်လှုပ်စေလိမ့်မည်။

မျက်မှောက်ခေတ်ကာလသည် အစဉ်အမြဲတိုးတက်ပြောင်းလဲနေသော ပညာခေတ်ဆိုသည်မှာ ဧကန်မုချပင်။ စစ်ကြောင့် နိုင်ငံတော်၏ အနာဂတ်ကို ထိခိုက်နစ်နာစေသင့်သလော၊ နိုင်ငံတော်၏ အနာဂတ် ကောင်းမွန်ရေးအတွက် ပြည်တွင်းစစ်များ ရပ်တန့်သင့်ပါသလော၊ အားလုံးကို စဉ်းစားစေချင်မိသည်။

ပြည်တွင်းစစ်သည် နိုင်ငံတော်အား အလွန်အမင်း အကျည်းတန်စေသည်။ လာဘ်ပိတ်စေသည်။ စင်စစ်မူကား ကျက်သရေယုတ်စွ။

စဉ်းစားသင့်ပြီ။ တွေးခေါ်သင့်ပြီ။ ထပ်ကာထပ်ကာ ပြန်ပြောင်းပြောနေမည့်အစား အမှန်တကယ် တိကျသေချာပြတ်သားသော ငြိမ်းချမ်းရေး ချိုးငှက်ကို မွေးမြူအသက်သွင်းသင့်ပေတော့သည်။ ။

# မြစ်ကြီးနားတွင် ပထမဆုံးအကြိမ် ကလေးစာပေပွဲတော် ကျင်းပမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၈

ပြည်နယ်အဆင့်အ ပထမဆုံး ကလေးစာပေပွဲတော်ကို မြစ်ကြီးနားမြို့၌ လာမည့်ဇန်နဝါရီလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို ကလေးစာပေပွဲတော်ကိုမြစ်ကြီးနားမြို့ရှိမြစ်ကြီးနားတက္ကသိုလ်ဝင်းတွင် ကျင်းပရန် ပြည်နယ်အစိုးရအဖွဲ့၊ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းစီစဉ်နေကြောင်း သိရသည်။

ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမတွင် နိုဝင်ဘာလ ၅ရက်နေ့က ပြုလုပ်သည့်ကလေးစာပေပွဲတော်နှင့် ပတ်သက်သည့် ဒုတိယအကြိမ် ရှင်းလင်းဆွေးနွေးပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပွဲတော်ကျင်းပရေးအစီအမံများနှင့် ပြုလုပ်မည့်နေရာများကို လမ်းညွှန်ဆုံးဖြတ်ပေးခဲ့ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်ချို့နွယ်ဌေးဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"လုပ်မယ့်ရက်လည်း သိတယ်။ လုပ်မယ့်နေရာလည်း သိတယ်။ ဒါပေမယ့် အဲဒါနဲ့ ပတ်သက်ပြီး ပြည်နယ်အစိုးရရဲ့ တရားဝင်စာ ထွက်မလာသေးတော့ ပြောရမှာ နည်းနည်းစောနေတယ်။ ပွဲတော်နဲ့ ပတ်သက်ပြီး အစည်းအဝေးလုပ်တာတော့ အမှန်ပါပဲ။ ပွဲတော်ကိုလည်း လုပ်မှာပါ"ဟု ဒေါ်ချို့နွယ်ဌေးဝင်းက ပြောသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် စာပေဟောပြောပွဲ၊ ပြိုင်ပွဲ/ပြပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များနှင့် ဆွေးနွေးပွဲများ ထည့်သွင်းကျင်းပသွားရန် စီစဉ်ထားကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဗန်းမော်နှင့် မိုးညှင်းခရိုင်မြို့များတွင် စာပေပွဲတော်များကို ယခုနှစ်အတွင်း ကျင်းပနိုင်ခဲ့သည်။

ဆိုင်း(ကချင်မြေ)

# ပြည်သူတွေ အောင်ပွဲခံပါလိမ့်မယ်

ခွဒေါင်း




**အယ်ဒီတာကြီးရေ . . .**

စာမရေးတာကြာလို့ သတိတရနဲ့ စာရေးလိုက်ပါတယ်ဗျ။

မြစ်ကြီးနားသတင်း ဂျာနယ်ကြီးလည်း ထာဝရရပ်တည်နိုင်တဲ့ ဂျာနယ်ကြီးဖြစ်ပါစေကြောင်း ဆုတောင်းရင်း အားမလို အားမရနဲ့ မင်မခြောက်သေးတဲ့ လက်သန်းလေးကို ငေးကြည့်ရင်း ဒီစာကို ရေးလိုက်ရပါတယ်။

အယ်ဒီတာမင်း သိတဲ့အတိုင်းပဲ။ ပြီးခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ NLD က ခုနှစ်နေရာ၊ ကြံ့ခိုင်ရေးက သုံးနေရာနဲ့ တိုင်းရင်းသားပါတီက သုံးနေရာ အနိုင်ရရှိခဲ့တယ်။

အရှုံးကို ကောင်းကောင်း လက်ခံသွားနိုင်တဲ့ NLD ပါတီဝင်တွေကို လေးစားဖွယ် တွေ့ရသလို ကြားဖြတ်ရွေးကောက်ပွဲ ရှုံးတဲ့နေရာတွေ ရှိလို့ တီကောင်ကို ဆားပက်လိုက်သလို ထွန့်ထွန့်လူးနေကြတဲ့ ကိုအာပြဲ မအာပြဲ တချို့ကိုလည်း တွေ့ရသဗျ။

NLD ပါတီ ဒုတိယဥက္ကဋ္ဌ (၂)လည်းဖြစ်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်လည်းဖြစ်တဲ့ ဒေါက်တာဇော်မြင့်မောင်ကတော့ "သင်ခန်းစာ ရသွားတာပေါ့။ ၂၀၂၀ အတွက် ပြင်ဆင်ချိန် ရသွားတာပေါ့" တဲ့။ ကဲပါ- ဘယ်သူတွေ ဘယ်ပါတီတွေရရ ခွဒေါင်းတစ်ယောက် နောင်တရသွားခဲ့တာ ရှိတယ်ဗျ။ ဒီလိုမှန်းသိ ငါလည်း ဆန်တွေ လျှော့ဈေးနဲ့ရောင်းပြီး ကြားဖြတ်ရွေးကောက်ပွဲ ယှဉ်ပြိုင်ခဲ့ရင် အကောင်းသားလို့ နောင်တရမိတာဗျ။ ဟဲ ဟဲ ဟဲ။ စတာပါ။ စတာပါ။

၂၀၂၀ အတွက် သင်ခန်းစာရတဲ့သူက ရကြပါလိမ့်မယ်။ ၂၀၂၀အတွက် ပြင်ဆင်တဲ့သူက ပြင်ဆင်ကြပါလိမ့်မယ်။ ၂၀၂၀မှာ အာဏာရချင်တဲ့သူတွေက အာဏာရချင်ပါလိမ့်မယ်။ ခွဒေါင်းလည်း ၂၀၂၀ မှာ ရချင်တာလေးတွေ ရှိပါတယ်။ ၂၀၂၀ မှာ ဆန်ပေး ဆီပေးပြီး မဲဆွယ်လာခဲ့ရင် ဆန်လည်း ယူပါမယ်။ ဆီလည်း ယူပါမယ်။ ပြီးမှ ကိုယ်ပေးချင်တဲ့သူကို မဲပေးလိုက်ရင် ရတာပဲဟာ။ ဘယ်သူသိတာမှတ်လို့။ စတာပါ။ စတာပါ။ ပေးရင်တော့ ယူရုံပါပဲ။ ဟဲ ဟဲ ဟဲ။

တောင်ပြောမြောက်ပြောနဲ့ လိုရင်းမရောက်ဖြစ်မှာစိုးလို့ လိုရင်းကို ပြောပါတော့မယ် အယ်ဒီတာကြီးရေ။

ဒီလိုဗျ။ ခွဒေါင်းတို့ ပြည်သူတွေဟာ ၂၀၂၀ မှာ အေးချမ်းချင်တယ်။ ပျော်ရွှင်ချင်တယ်။ ကောင်းမွန်တဲ့ သန့်ရှင်းတဲ့ အစိုးရ ရချင်တယ်။ ဒီတော့ ခွဒေါင်းရချင်တဲ့ အစိုးရမျိုးကို အယ်ဒီတာမင်းကြီးဆီ ရင်ဖွင့်လိုက်တာပဲ။

-အဓိကကတော့ တရားဥပဒေစိုးမိုးချင်ပါတယ်။ လမ်းဘေးမှာ ဆိုင်ကယ်ရပ်တဲ့အခါ ဇက်သော့ခတ်စရာ မလိုတဲ့ အစိုးရမျိုး လိုချင်ပါတယ်။

-ဈေးမှာ ဈေးဝယ်တဲ့အခါ ဘေးဘီကိုမကြည့်ရဘဲ ပိုက်ဆံအိတ်ကို ယုံယုံရဲရဲ ဆွဲဖွင့်နိုင်တဲ့ အစိုးရမျိုး ရချင်တယ်။

- ဘဏ်က ထွက်လာတဲ့အခါ ကျီးလန့်စာစား ထွက်လာစရာမလိုတဲ့ အစိုးရမျိုး လိုချင်တယ်။

- ရဲစခန်းကို သွားတဲ့အခါ ပြည်သူကို အပြစ်သားလို မကြည့်တဲ့ မျက်လုံးမျိုးပေးနိုင်တဲ့ အစိုးရမျိုး လိုချင်တယ်။

- တရားရုံး ရောက်တဲ့အခါ ပိုက်ဆံအိတ်ကို လှမ်းလှမ်းကြည့်တဲ့ ရှေ့နေ၊ တရားသူကြီးတွေရဲ့ မျက်လုံးမျိုး ဖျောက်ဖျက်ပေးနိုင်မယ့် အစိုးရမျိုး ရချင်တယ်။

- ဒီတစ်ခါ ငါစားရမယ့် အလှည့်ဆိုပြီး နေရာရသွားတဲ့အခါ ပြည်သူကို လှည့်မကြည့်တတ်တဲ့အစိုးရမျိုး မဟုတ်ဘဲ ပြည်သူ့ကျေးကျွန်အစိုးရမျိုး ရချင်တယ်။

- ရွေးကောက်ပွဲကာလမှာပဲ မဲပေးပါ၊ မဲပေးပါနဲ့ ခွေး အမဲရိုးတောင်းသလို ဆန်ဝေလိုက်၊ ဆီဝေလိုက်နဲ့ ပေါ်လာပြီး နေရာလည်းရရော မင်း ဘာကောင်လဲ၊ ငါ ဘာကောင်လဲ၊ ငါ့ ဘာကောင်မှတ်နေလဲဆိုတဲ့ အထာမျိုးနဲ့ အစိုးရမျိုးကို မရချင်ဘဲ ပြည်သူက လိုရာခိုင်းပါဆိုတဲ့ ကျိုးနွံတဲ့အစိုးရမျိုး ရချင်တယ်။

ခွဒေါင်းတစ်ယောက် လိုဘကြီးမိပြီးလား မသိပါဘူး အယ်ဒီတာကြီးရယ်။ အဲ. . ပြီးတော့လာဘ်မစားတဲ့အစိုးရမျိုးလည်း ရချင်တယ်ဗျ။

စကားမစပ်၊ ဖတ်ခဲ့မိတဲ့ ကာတွန်းလေး သတိရမိတယ်။ ကာတွန်းဆရာတော့ မမှတ်မိတော့တာ တောင်းပန်ပါတယ်။ ဒီလိုဗျ။ ကာတွန်းကစင်ပေါ်က အဆိုတော်တစ်ယောက် သီချင်းဆိုနေတယ်။ အောက်က လူနှစ်ယောက် စကားပြောနေတယ်။ စင်ပေါ်က အဆိုတော်က "ပရိသတ်ကြီး အဆင်ပြေလား"တဲ့ အော်နေတယ်။

လူတစ်ယောက်က ပြောတယ်။

"လွှတ်တော်အမတ်တွေ ထက်စာရင် အဆိုတော်လေးကမှ မေးဖော်ရသေး. . . "တဲ့။

ကဲ. . . စင်ပေါ်ရောက်တော့မှ အဆိုတော်လောက်မှ "ပရိသတ်ကြီးအဆင်ပြေလား" မမေးတတ်တဲ့ အစိုးရမျိုးလည်း ခွဒေါင်းတို့ပြည်သူတွေ မရချင်ပါဘူးဗျာ။

ခွဒေါင်းက ဒီလိုပြောတော့ "လုပ်ချင်တဲ့ လူတွေကတော့ လုပ်နေမှာပဲ။ ဒါကို အစိုးရကို လွှဲချလို့ မရဘူး"လို့ ပြောကြတဲ့သူတွေကလည်း ရှိတယ်ဗျ။ အစိုးရက ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ရင် လုပ်ချင်တဲ့လူတွေ ဘယ်လုပ်တော့မလဲဗျ။

ခွဒေါင်းတို့ ပြည်သူတွေကလည်း ပြင်ဆင်စရာတွေ လိုအပ်ချက်ရှိတာတွေလည်း ရှိတာ သိပါတယ်။ အစိုးရချည်း ရွှေ့လို့မရဘူး။ ပြည်သူတွေက ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာလည်းသိပါတယ်။ သိတော့ ကျုပ်တို့ ပြည်သူတွေကလည်း ကိုယ်လိုချင်တဲ့ အစိုးရမျိုး ရဖို့ အတူတူ ပေါင်းစည်းရွှေ့လျားသွားကြတာပေါ့ဗျာ။

ဆရာမကြီး လူထုဒေါ်အမာက ပြောခဲ့ဖူးသလို အာဏာရှင်ဆိုတာ အာဏာပလ္လင်ပေါ်က သေမှဆင်းချင်သူတွေမို့ နိုင်ငံရေးအာဏာဟာ ပြည်သူလူထုလက်ထဲကို အလွယ်တကူ အသာတကြည်နဲ့ ရောက်ရှိရိုးထုံးစံ မရှိဘူးဗျ။

၂၀၂၀ မှာ ခွဒေါင်းတို့ ပြည်သူတွေဟာ လက်တွဲမဖြုတ်စတမ်း၊ ခါးတောင်းကြိုက်မဖြုတ်စတမ်း နေထိုင်သွားကြဖို့ လိုတယ်ဗျ။

၂၀၂၀မှာ ခွဒေါင်းတို့ ပြည်သူတွေ၊ ကိုယ်လိုချင်တဲ့ အစိုးရမျိုးကို ရဖို့ ရွေးကောက်ပွဲကို မဲပေးကြဖို့ လိုတယ်။ လူထုက နိုင်ငံရေးကို စိတ်ဝင်စားဖို့ လိုတယ်။ နိုင်ငံရေးကို စိတ်မဝင်စားကြတာဟာ နိုင်ငံကျရှုံးခြင်းဖြစ်သလို နိုင်ငံရဲ့အနာဂတ် ပျောက်ဆုံးခြင်းပါပဲ အယ်ဒီတာကြီးရေ. . . ။

ခေတ်အဆက်ဆက် အမှောင်ထုကြီးထဲမှာ ခွဒေါင်းတို့ မျိုးဆက်ကို ဘယ်လိုရှင်သန်မှုမျိုးနဲ့ လက်ဆင့်ကမ်းခဲ့ကြမှာလဲ။

ပြည်သူဟာ အရှင်ပဲ။

ပြည်သူဟာ သခင်ပဲ။

ပြည်သူ့ကျေးကျွန်ကို ပြည်သူကပဲ ရွေးချယ်ကြရမှာ မဟုတ်ဘူးလား။

ကိုယ့် ပြန်ရိုက်မယ့်လက်ကိုတော့ ဘယ်ပြည်သူကမှ ရွေးချကြမှာ မဟုတ်ပါဘူး အယ်ဒီတာကြီးရေ။ ဒီတော့ ၂၀၂၀ မှာလည်း ပြည်သူတွေသာ အောင်ပွဲခံပါဦးမယ်ဗျာ။ ပြည်သူတွေသာ အောင်ပွဲခံပါလိမ့်မယ်ခင်ဗျ။

ဒီလောက်ပါပဲဗျာ။

အယ်ဒီတာမင်းကြီးလည်း ကင်မရာတစ်လက်နဲ့ ဆက်လက် အလုပ်ရှုပ်နိုင်ပါစေ။

ငါးပိကြော်နံ့သင်းသင်း ဘေးမှကင်းဝေးနိုင်ပါစေဗျာ။ ။

---

» စာ - ၆ မှ


region တည်ဆောက်မှုဟာ ခက်ခက်ခဲခဲကြားက ပြန်ပျက်မလိုတောင် ဖြစ်ခဲ့တယ်။

ဒါဟာ ဘာကို ပြဆိုသလဲဆိုရင် အပစ်ရပ်ငြိမ်းချမ်းရေးတိုင်းမှာ all inclusiveness ဟာ မဖြစ်မနေ တည်ဆောက်ရတယ်ဆိုတာပါပဲ။ ကိုလံဘီယာရဲ့ FARC ကွန်မြူနစ်တို့နဲ့ ကိုလံဘီယာသမ္မတ ဆန်းတို့စ်တို့ရဲ့ ငြိမ်းချမ်းရေးမှာ ကျန်နေခဲ့တဲ့ ELN (National Liberation Army)

မြန်မာမှာဆိုရင် NCA မထိုးတဲ့ EAOs များ အပြီးတိုင်ငြိမ်းချမ်းရေးဟာ အားလုံးပါဝင်ဆွေးနွေးမှုနဲ့ပဲ တည်ဆောက်နိုင်တာ သတိပြုစရာပါ။

ဘန်ဆာမိုရိုတို့ရဲ့ မင်ဒါနာအိုအရေးအခင်းဟာ အရှေ့တောင်အာရှရဲ့ နိုင်ငံရေးပဋိပက္ခဖြေရှင်းမှုတွေထဲက တစ်ခုပါ။ သူ့ရဲ့ဖြစ်စဉ်တွေဟာ မူလကတည်းက လူမျိုးစုမတူတာ ဘာသာရေးကွဲပြားတာ လူများစုကြီးမှ အမျိုးသားနိုင်ငံထဲ သွတ်သွင်းတာ လက်နက်ကိုင်ဖြေရှင်းတာ အားလုံးဟာ မြန်မာနဲ့ အတော်တူပါတယ်။ နိုင်ငံရေးဖြေရှင်းပုံနဲ့ ဆောင်ရွက်ချက်တွေဟာ သမ္မတ Aquinoလက်ထက်မှာ စံနမူနာယူစရာတွေ များလှပါတယ်။

သမိုင်းဟာ ဖြစ်စဉ်တူသုံးသပ်မှုတွေ အကောင်းဆုံးဆောင်ရွက်နိုင်ရင်ဖြင့် အကျိုးအမြတ် များလှကြောင်း မြန်မာနိုင်ငံသားတွေကို ပြောပြချင်ပါတယ်။



# ဆောင်းရာသီမှာ ဘယ်လိုစားသောက်နေထိုင်ကြမလဲ

အခုလို ဆောင်းရာသီမှာ ကချင်ပြည်နယ်အတွင်းရှိ စာဖတ်ပရိတ်သတ်တွေ ကျန်းမာရေးနဲ့ ညီညွတ်အောင် ဘယ်လို နေထိုင်စားသောက်ရမလဲ ဆိုတာနဲ့ ပတ်သက်ပြီး မြစ်ကြီးနားခရိုင်က ဒုခရိုင်ဦးစီးဌာနမှူး ဒေါက်တာ ခေါင်နောနဲ့တွေ့ဆုံမေးမြန်းထားပါတယ်။

**ဆရာမရေ မင်္ဂလာပါ၊ ပထမဆုံးအနေနဲ့ ကျန်းမာရေးဌာနမှာ ဆရာမတာဝန်ယူထားတဲ့ အပိုင်းလေးကို သိပါရစေရှင်။**

ဟုတ်ကဲ့ပါ။ ကျွန်မနာမည်က ဒေါက်တာခေါင်နောပါ။ မြစ်ကြီးနားခရိုင်မှာ ဒုတိယခရိုင်ဦးစီးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။

**အခု ကျွန်မတို့ မြစ်ကြီးနားသတင်းဂျာနယ်အနေနဲ့ စာဖတ်ပရိသတ်တွေကိုယ်စား ဆရာမကို မေးချင်တာကတော့ အခုဆို ဆောင်းရာသီလည်း ဝင်နေပြီဆိုတော့ ဒီရာသီမှာ ကျန်းမာရေးနဲ့ ညီညွတ်အောင် ဘယ်လိုပြုမူနေထိုင်ရမလဲဆိုတာလေးကိုပါ ဆရာမ။**

ဒီရာသီမှာ ကျန်းမာရေးနဲ့ ညီညွတ်အောင် အိပ်စက်တာနဲ့ အားကစားလှုပ်ရှားမှုက အရေးကြီးပါတယ်။ ဆောင်းရာသီဆိုတော့ အများပြောတဲ့အတိုင်း "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဆိုတဲ့ဟာမျိုးပေါ့နော်။ အိပ်စက်တယ်ဆိုရင် ကိုယ်ခန္ဓာက ကိုယ်ခံအားကောင်းမယ်။ လန်းဆန်းတယ်ပေါ့။ ကောင်းကောင်းအိပ်ဖို့လိုတယ်။ ညဉ့်နက်တဲ့အထိ နေတာမျိုးတွေ မလုပ်ဘဲ အချိန်မှန်အိပ်စက်ခြင်းနဲ့လည်း ကိုယ်ခံအားမြှင့်တင်လို့ရတယ်။ ပြီးတော့ အားကစားလှုပ်ရှားမှုပေါ့။ အနည်းဆုံးလမ်းလျှောက်တာမျိုးတော့ လုပ်ပေးဖို့ အင်မတန်အရေးကြီးပါတယ်။

**အစားအသောက်နဲ့ ပတ်သက်ပြီးတော့ရော ဆရာမ. . . ။**

အစားအသောက်ထဲမှာတော့ ကိုယ်ခံအား ကောင်းအောင် ဗီတာမင်စီ ကြွယ်ဝတဲ့ အသီးအနှံတွေကို စားပေးရမယ်။ ဥပမာလိမ္မော်သီး၊ သံပုရာသီး၊ မာလကာသီးတို့၊ နဂါးမောက်သီး အဲ့ဒီလိုအစာတွေကို စားပေးရမယ်။ ပြီးတော့ နို့နဲ့နို့ထွက်ပစ္စည်းတွေ များများစားသုံးပေးဖို့လည်း လိုတယ်။ နောက်တစ်ခုက ကိုယ်ခံအားမြင့်တက်ဖို့ဆိုရင် ပရိုတိန်းဓာတ်ကြွယ်ဝတဲ့ အစားအစာတွေ ငါးတို့၊ ပုစွန်တို့၊ ကြက်သားတို့ အဲ့ဒီဟာတွေ စားသုံးပေးဖို့လိုတယ်။ နောက်တစ်ခုက ဇင့်ဓာတ်ပေါ့။ ကိုယ်ခံအားကောင်းစေတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဇင့်ဓာတ်ကြွယ်ဝတဲ့ အစေ့အဆံတို့ကို များများစားပေးဖို့လိုတယ်။ ဂျုံကြမ်း၊ ပေါင်မုန့်တွေစားပေးလို့လည်း ရပါတယ်။ နောက်တစ်ခုကကျတော့ ဟင်းခတ်အမွှေးအကြိုင်တွေများများစားသုံးပေးသင့်တယ်။ အဲ့ဒါက အဓိက ကျွန်မတို့အများစားတဲ့ သစ်ကြမ်းပိုးခေါက်တို့ဆိုရင် အစာခြေအားကိုလည်း ကောင်းစေတယ်။ ပြီးရင် နှာရည်ယို၊ နှာပိတ်တာအတွက်လည်းကိုယ်ခံအားကောင်းစေတာ ဖြစ်တဲ့အတွက် သူက ကာကွယ်ပြီးသားလည်းဖြစ်သွားတာပေါ့နော်။ တခြား နနွင်းတို့၊ ငရုတ်ကောင်းတို့ဆိုတာလည်း ကိုယ်ခံအားအတွက် အင်မတန်ကောင်းစေတာဖြစ်တဲ့အတွက် စားသုံးတဲ့နေရာမှာလည်း ဒီဟင်းခတ် အမွှေးအကြိုင်တွေကို များများစားသုံးပေးဖို့ လိုပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ အရည်များများသောက်ပေးဖို့လိုတယ်။ ရာသီဉတုအအေးတာပဲဆိုပြီး မသောက်ဘဲနေတာမျိုး မဟုတ်ဘဲနဲ့ ရေကိုတစ်နေ့ကို အနည်းဆုံး ၂ လီတာ သောက်သင့်ပါတယ်။ အဲ့ဒါမျိုးနေထိုင်မှုလည်း ခန္ဓာကိုယ်မှာ ဖြစ်တတ်တဲ့ နှုတ်ခမ်းကွဲတာတို့၊ အသားအရည်အရမ်းခြောက်သွေ့တာတို့ မဖြစ်စေနိုင်မှာပေါ့။

**အားကစားပြုလုပ်ဖို့လည်း မျှဝေပေးပါဦး။**

အကောင်းဆုံးကတော့ လမ်းလျှောက်တာပေါ့နော်။ လမ်းလျှောက်တာရှိမယ်။ အခုနောက်ပိုင်းဆိုရင် Gym အားကစားရုံတွေလည်း အများကြီးရှိလာပြီ။ ကိုယ်အမြဲလုပ်နေကျ အသက်ကြီးတဲ့သူတွေ ဆိုရင်လည်း အသက်ကြီးတဲ့သူတွေ အုပ်စုလိုက်ဖွဲ့ပြီးမှ ကစားတဲ့နေရာတွေလည်းရှိတယ်။ ပြီးရင် လူငယ်တွေဆိုရင်လည်း Gym တွေမှာကစားလို့ရတယ်။ အဲ့ဒီလိုမျိုး မလုပ်နိုင်ရင်တောင်မှ လမ်းလျှောက်တာတော့ လုပ်သင့်တယ်။ လမ်းလျှောက်ရင် လေကောင်းလေသန့်လည်း ရှူနိုင်မယ်။ ပြီးတော့သူက လမ်းလျှောက်ခြင်းအားဖြင့် ကိုယ်လက်လှုပ်ရှားမှုတွေလည်း ရှိလာတဲ့အတွက် ကိုယ်ခံစွမ်းအားလည်းမြင့်လာမယ်။ အကောင်းဆုံး အနည်းဆုံးတော့ လမ်းလျှောက်တာလောက်တော့ လုပ်သင့်တာပေါ့။

**ဒီရာသီမှာ ဘယ်လိုရောဂါတွေ အဖြစ်များဆုံးလဲ။**

အများစုဖြစ်နေတာတော့ နှာစေး၊ ချောင်းဆိုး၊ အအေးမိဖျားတဲ့ဟာပေါ့။ ပြီးရင် နောက်တစ်ခုက တုပ်ကွေးဖြစ်တယ်။ တုပ်ကွေးကတော့ အရင် ရာသီမှာဆိုရင် ကလေးနဲ့လူကြီးပိုင်းတွေမှာ ပိုအဖြစ်များတယ်။ ဒီဆောင်းတွင်းကျတော့ အကုန်ဖြစ်တယ်။ အရွယ်စုံ ဖြစ်တယ်။ ပြီးတော့ အဆစ်အမြစ်ကိုက်တာပေါ့နော်။ ဒီဆောင်းတွင်းဆိုရင် ရာသီဉတုလည်း အေးတယ်ဆိုတော့ ပိုပြီး ဖြစ်တတ်တယ်။ ပြီးရင် အသားခြောက်တာတို့၊ အသားကွဲတာတို့၊ နှုတ်ခမ်းကွဲတာတို့ အဲ့ဒါလေးတွေလည်း အဖြစ်များပါတယ်။ နောက်တစ်ခုက ရင်ကျပ်တာ။ ရင်ကျပ်ဆိုရင် နဂိုရာသီမှာ သိပ်မဖြစ်တဲ့သူတွေတောင်မှ ရင်ကျပ်အခံရှိတဲ့သူတွေဆိုရင် ဆောင်းတွင်းမှာ အဖြစ်များတတ်တယ်။

**တချို့တွေက အဖျားမပေါ်ဘဲ အော့အန်တာတွေ၊ ချောင်းဆိုးတာတွေ၊ နှာရည်ယိုတာတွေ အရပ်ထဲမှာ လတ်တလောဖြစ်နေတာကို တွေ့ရပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ ပြောပြပေးပါဦး။**

အန်တယ်ဆိုတာက အအေးလို့ရှိရင် အစားအသောက်မှာက ရောဂါပိုးတွေပေါက်တတ်တယ်။ အအေးရင် ပေါက်တဲ့ရောဂါပိုးတွေလည်း ရှိတယ်။ ဟင်းတွေဆို မနက်ကတည်းက ချက်ထားလိုက်တယ်။ ညနေရောက်တော့ နွှေးရုံလေးပြန်နွှေးလိုက်တယ်။ အဲ့ဒါမျိုးတွေ မလုပ်သင့်ဘူး။ အကောင်းဆုံးကတော့ လတ်လတ်ဆတ်ဆတ် ချက်စားသင့်တယ်။ ဒါပေမဲ့ အချိန်မရနိုင်ဘူးဆိုရင် ပူတဲ့အထိတော့ ပြန်ပြီးနွှေးသင့်တယ်။ နည်းနည်းလေးနွှေးရုံလေးဆို အကောင်တွေက ပေါက်နေမယ်။ အဲ့ဒါတွေကို စားမိရင် ကိုယ်ခန္ဓာမှာ အော့တာ၊ အန်တာ၊ ဝမ်းလျှောတာတွေ ဖြစ်လာတတ်တယ်။

**ရောဂါမဖြစ်အောင် ဘယ်လိုကာကွယ်သင့်လဲ။**

အအေးမိဖျားနာ၊ နှာစေး၊ ချောင်းဆိုးဖြစ်တာကို ကာကွယ်ဖို့ဆိုရင် ခုနကပြောသလို ကိုယ်ခံအားကောင်းဖို့ လိုတယ်။ ကိုယ်ခံအားကောင်းဖို့ဆိုရင် နံပါတ်တစ်က အစားအသောက်ပေါ့နော်။ ကိုယ်ခံအား မြှင့်တင်ပေးတဲ့ အစားအသောက်တွေကို ရွေးချယ်စားသောက်တတ်ဖို့ လိုတယ်။ ပြီးတော့ ကနဦးလက္ခဏာတွေ ဖြစ်တဲ့ လည်ချောင်းနာတာတွေဆိုရင် အနည်းဆုံး ဆားရည်နဲ့ပလုတ်ကျင်းတာမျိုးတွေ လုပ်ထားသင့်တယ်။ နောက်တစ်ခုကကျတော့ အဆစ်အမြစ်ကိုက်တာတို့၊ နဂိုက ဂေါက်ရောဂါ၊ အဆစ်အမြစ် ကိုက်တဲ့ရောဂါတို့ ဖြစ်တတ်တဲ့သူတွေဆိုရင် နာတယ်ဆိုပြီး အိမ်တွင်းမှာပဲ အောင်းနေတာမျိုး မဟုတ်ဘဲ လေ့ကျင့်ခန်းလေးတွေကို လုပ်ပေးခြင်းအားဖြင့် အဆစ်အမြစ်ရောင်တဲ့ဟာကို ကျွန်မတို့ ကာကွယ်နိုင်မှာပါ။ နောက်တစ်ခုက အသားအရည်ခြောက်တာတွေ၊ အသားကွဲတာတွေ၊ နှုတ်ခမ်းကွဲတာတွေကျတော့ ရေဓာတ်အများကြီးလိုတယ်။ ရေချိုးတဲ့အခါလည်း ရေအရမ်းနွေးတဲ့ဟာ၊ ပူတဲ့ဟာမျိုးတွေနဲ့ ချိုးတာမျိုးမဟုတ်ဘဲနဲ့ ရေနွေးနွေးလေးနဲ့ပဲစပ်ပြီးချိုးပေါ့။ ချိုးပြီးတဲ့အခါလည်း အစိုဓာတ်ထိန်း ခရင်မ်တွေ လိမ်းပေးသင့်တယ်။ နှုတ်ခမ်းဆိုရင်လည်း အဆီပါတဲ့ နှုတ်ခမ်းနီလေးတွေ လိမ်းသင့်တယ်။ နှုတ်ခမ်းကွဲရင် လျှာနဲ့ ခဏခဏ လျက်တာမျိုးတွေ မလုပ်သင့်ဘူး။ နောက်တစ်ခုက အသက်ရှူလမ်းကြောင်းနဲ့ ရင်ကျပ်တာတွေ ဖြစ်တတ်တဲ့သူတွေဆိုရင် အရေးပေါ်ယူလို့ရတဲ့ဆေးတွေ ဆောင်ထားသင့်တယ်။ အပြင်သွားမယ်ဆိုလည်း နွေးနွေးထွေးထွေးဝတ်ပြီးမှပဲ သွားခြင်းအားဖြင့် ရင်ကျပ်တာကို ကာကွယ်နိုင်မှာပါ။ ပြီးရင် ရာသီဉတု အရမ်းပူရင်လည်း ရေမကိုင်ရဆိုတာ ရှိတယ်လေနော်။ အခုဆောင်းတွင်းဆိုရင်လည်း အရမ်းအေးတဲ့ အချိန်ကျရင် ကိုယ်ကကိုယ်ခံအားကောင်းဖို့ဆိုရင် ရေနွေးလိုမျိုးတွေ ချိုးသင့်တာပေါ့။ အရမ်းပူရင်လည်းအသားပတ်တာတို့ ဖြစ်တတ်တယ်။ ဂရုစိုက်ရမယ် ပေါ့နော်။ အရမ်းအေးလွန်းရင်လည်း ကိုယ်က မချိုးနိုင်ဘူးလေ။ ကိုယ်က အလုပ်ကြမ်းအရမ်းလုပ်တဲ့သူတွေ ဆိုရင်တော့လည်း နေ့တိုင်းချိုးရမှာပေါ့။ အဲ့လိုမဟုတ်ဘူး၊ ကိုယ်ရဲ့နေထိုင်စားသောက်မှုမှာ သိပ်ချိုးရမလိုဘူး ဆိုရင်လည်း ကိုယ်က ကိုယ့်ကျန်းမာရေးနဲ့ အညီ တစ်ကိုယ်ရည်သန့်ရှင်းရေးတော့ နေ့တိုင်းလိုတာပေါ့နော်။ အဲ့ဒီအချိန်ကိုယ်က လေ့ကျင့်ခန်း သေချာလုပ်ထားတယ်၊ ကိုယ်ခံစွမ်းအားရှိတဲ့သူ ဆိုရင်လည်း နေ့တိုင်းချိုးနိုင်တယ်။ ညကြီးသန်းခေါင် ထချိုးလို့လည်း မဖြစ်ဘူးလေ။ ရေချိုးတဲ့ဟာကလည်း အချိန်အခါကိုကြည့်ပြီးမှ ချိုးရမယ်ပေါ့နော်။

**ရောဂါဖြစ်တာကို ဘယ်လိုလက္ခဏာတွေအရသိနိုင်မလဲ။**

နှာစေး၊ ချောင်းဆိုးဆိုရင် ပထမဆုံး လည်ချောင်းအရင်နာလာတတ်တယ်။ လည်ချောင်းနာတယ်ဆိုတော့ ပတ်ဝန်းကျင်မှာရှိတဲ့ လေတွေကအေးလာပြီ။ အေးတဲ့အပြင်ကိုခြောက်သွေ့တယ်။ အဲ့ဒီတော့ လေထဲမှာရှိတဲ့ ပိုးတွေက အသက်ရှူလမ်းကြောင်းထဲကိုဝင်လာတယ်။ အဲ့ဒီတော့ လည်ချောင်း နာလာရတာပေါ့။

**ဘယ်အခြေအနေထိ ဖြစ်နိုင်လဲ။**

အဲ့ဒါကတော့တစ်ယောက်နဲ့တစ်ယောက်တော့ မတူဘူးပေါ့။ အဲ့လိုကကျတော့ တစ်ယောက်နဲ့တစ်ယောက် ကိုယ်ခံအားပေါ်မှာ မူတည်တယ်ပေါ့နော်။ ဒါပေမဲ့ အဖြစ်များတာက ဒီရာသီဉတု ပြောင်းပြီဆိုရင်တော့ ဒီလိုကိုယ်ခံအား နည်းနေတဲ့သူတွေကတော့ ပိုဖြစ်တယ်။ ဒီတုပ်ကွေးဆိုတဲ့ဟာ အခုလူငယ်ပိုင်းတွေလည်းဖြစ်တယ်လေ။ အရင်တုန်းကဆိုရင်တော့ ကလေးနဲ့ လူကြီးတွေမှာ ပိုဖြစ်တယ်။ ဒီဆောင်းတွင်းဆိုရင်တော့ တုပ်ကွေး ဒီရောဂါပိုးကိုမှ ဒီ ရာသီဉတုမှာရှိနေတာပေါ့နော်။ အဲ့ဒါတွေကတော့ အချိန်တစ်ခုထိကို သူကရှိနေမှာ။ အဲ့ဒီ တုပ်ကွေးပိုးရပ်စ်ကြောင့်ဆိုရင် သူ့အချိန်တန်ရင် သူ့ဟာသူ ပျောက်သွားမှာ။ တချို့ဆိုရင် လည်ချောင်းပိုးကို သွားတယ်။ တချို့ကျတော့လည်း ချောင်းဆိုးတာ၊ နှာစေးတာနဲ့ ပြီးသွားတယ် အဲ့ဒီလိုတော့ ရှိတာပေါ့။

**ကချင်ပြည်နယ်သူ၊ ပြည်နယ်သားတွေအတွက် ဆောင်းရာသီမှာ ကျန်းမာပျော်ရွှင်စွာနဲ့ နေထိုင်နိုင်အောင် နောက်ဆုံးအနေနဲ့ ဖြည့်စွက်ပြောပေးပါဦး။**

ကျွန်မတို့ ကချင်ပြည်နယ်က ဆောင်းတွင်းဆိုတော့ အင်မတန်လှပတယ်လေနော်။ ပန်းတွေရော၊ အသီးအနှံတွေရော အင်မတန်ပေါတဲ့နေရာ ဟုတ်တယ်။ ဒီ ဆောင်းတွင်းအချိန်လေးမှာ စောစောအိပ်လို့ စောစောထလို့ "စောစောလမ်းလျှောက်ကြပါစို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်မတို့က ကျန်းမာရေးကိုလည်း ဂရုစိုက်မယ်။ ကိုယ်ခံစွမ်းအား မြှင့်တက်နေအောင်လည်း ကိုယ့်ဟာကိုယ် ဂရုစိုက်ပြီးနေမယ်ဆိုရင် ကိုယ့်ရဲ့ ဒီဆောင်းတွင်းအလှအပကို အပြည့်အဝခံစားနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**ဟုတ်ကဲ့ရှင့်. . . အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့ အတွက် ဆရာမကို မြစ်ကြီးနားသတင်းဂျာနယ်က ကျေးဇူးအများကြီးတင် ပါတယ်ရှင့်။**

ဟုတ် . . . ကျွန်မလည်း မြစ်ကြီးနားသတင်းဂျာနယ်ကို ကျေးဇူးအများကြီး တင်ရှိပါတယ်။

Ann/ Benadeth

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၃ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# ပထမနှစ်တက်မည့် တက္ကသိုလ်ကျောင်းသားများ ကျောင်းအပ်ရတော့မည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၈

၂၀၁၈ ခုနှစ်တွင်တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီး မြစ်ကြီးနားတက္ကသိုလ်တက်ရောက်ခွင့်ရသည့် ကျောင်းသူ/သားများ အနေဖြင့် နိုဝင်ဘာလ ၁၅ ရက်မှ ဒီဇင်ဘာ ၂၁ ရက်နေ့အတွင်း ကျောင်းအပ်နှံနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ယခုတက်ရောက်နေသော ကျောင်းသူ/သားများနှင့် ပထမနှစ် စတင်တက်ရောက်မည့် ကျောင်းသားများအနေဖြင့် ကျောင်းအပ်နှံရေးတွင် လွယ်ကူမှုရှိစေရန် မိမိတက်ရောက်ရမည့် သက်ဆိုင်ရာဘာသာရပ်ဌာန အသီးသီးတွင် သွားရောက် မေးမြန်းကာ စာရင်းသွင်းအပ်နှံနိုင်ကြောင်း မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အရင်နှစ်ကတော့ ကျောင်းအပ်ဖို့ဆိုလို့ရှိရင် တော်တော်ကြာတယ်။ ကျောင်းအပ်တာရော ပိုက်ဆံသွင်းတာရော Electronic System ကို မသွားနိုင်သေးဘူးဆိုတော့ ကျောင်းသားတွေအနေနဲ့ ကျောင်းအပ်တာလွယ်ကူမြန်ဆန်အောင် တစ်နေရာတည်းမှာပဲ အဆင်ပြေအောင် လုပ်ပေးတယ်။ တစ်ခါတည်း ပြီးအောင်ပေါ့" ဟု ဒေါက်တာအောင်ဝင်းက ပြောသည်။

ထို့အပြင် ယခုနှစ်၏ ထူးခြားချက်အနေဖြင့် သက်ဆိုင်ရာဘာသာရပ်များကို ပိုမိုရင်းနှီးမှုရှိစေရန် အထူးပြုဘာသာ ၁၅ ခုအတွက် မေဂျာအလိုက် လက်ကမ်းစာစောင်များကို ကျောင်းအပ်နှံသောနေ့၌ တစ်ပါတည်း ဝေငှသွားမည်ဖြစ်ကြောင်း သင်တန်းရေးရာဌာနမှူးဦးအောင်မြင့်က ပြောသည်။

"ဒီလိုဖြန့်ဝေခြင်းအားဖြင့် ကျောင်းသားကျောင်းသူများ ဘာသာရပ်ကို ထဲထဲဝင်ဝင် သိရှိအောင်နဲ့ အဲ့ဒီဘာသာရပ်ရဲ့ ပညာရပ်တွေကို ကျောင်းသား၊ ကျောင်းသူတွေ ပိုပြီးလေ့လာနိုင်အောင် အသိပေးခြင်းဖြစ်တယ်"ဟု ဦးအောင်မြင့်က ပြောသည်။

ကျောင်းအပ်နှံမည့်သူများသည် မြန်မာဝတ်စုံဖြင့် ၆ လအတွင်းရိုက်ထားသောဓာတ်ပုံ ၅ ပုံ၊ မိဘ မှတ်ပုံတင်နံပါတ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသော အထောက်အထားစာရွက်မိတ္တူနှင့် အိမ်ထောင်စုမိတ္တူတို့ကို ယူဆောင်လာရမည် ဖြစ်သည်။

**မေဂျာပြောင်း**

ဘာသာရပ် ပြောင်းလိုသူများအနေဖြင့် ရမှတ်အပေါ်မူတည်ပြီး ပြောင်းရွှေ့နိုင်မည်ဖြစ်ကာ ခြွင်းချက်အနေဖြင့် အင်္ဂလိပ်မေဂျာသို့ ပြောင်းလိုသူများသည် တက္ကသိုလ်ဝင်တန်းအနည်းဆုံးရမှတ်ပေါင်း ၃၃၀၊ အင်္ဂလိပ်စာ ၅၅ မှတ်နှင့် ဥပဒေပညာ ဘာသာရပ်သို့ ပြောင်းလိုသူများအတွက် အမှတ်ပေါင်း ၃၃၀၊ အင်္ဂလိပ်စာ အမှတ် ၅၀ ရရှိမှသာ ပြောင်းရွှေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေဂျာပြောင်း**

ဘာသာရပ်ပြောင်းလျှောက်ထားလိုသူများသည် နိုဝင်ဘာလ ၁၅ ရက်မှ နိုဝင်ဘာ ၃၀ ရက်အတွင်း ကျောင်းအပ်နှံခြင်းမပြုမီ အမှတ်စာရင်းနှင့်တကွ လျှောက်ထားရမည်ဖြစ်ပြီး ဘာသာပြောင်းခွင့် ရရှိပြီးမှသာ ကျောင်းဝင်မှတ်ပုံတင်ရမည်ဖြစ်ကြောင်း သိရသည်။

**ကျောင်းပြောင်း**

အခြား တက္ကသိုလ်များသို့ ကျောင်း ပြောင်းရွှေ့မည့်သူများသည် နိုဝင်ဘာလ ၁၅ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အတွင်း လျှောက်ထားရမည်ဖြစ်သည်။

**အဝေးသင်ပြောင်း**

အဝေးသင်တက္ကသိုလ်သို့ ပြောင်းရွှေ့မည့်သူများအနေဖြင့် နေ့သင်တန်းတွင် ကျောင်းဝင်မှတ်ပုံတင်ပြီးပါက အဝေးသင်တက္ကသိုလ်သို့ ပြောင်းရွှေ့ခွင့် ပြုမည်မဟုတ်ကြောင်းနှင့် အဝေးသင်သို့ ပြောင်းရွှေ့မည်ဆိုပါက ပြောင်းရွှေ့ခွင့်လျှောက်လွှာနှင့် ဓာတ်ပုံ ၃ ပုံ ပူးတွဲပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ဝင်ခွင့်ရအမှတ်ပေါင်း ယခုနှစ် မြစ်ကြီးနားတက္ကသိုလ် ပထမနှစ်သင်တန်း အထူးပြုဘာသာအသီးသီး၏ ဝင်ခွင့်ရ အနိမ့်ဆုံးရမှတ်များမှာ မြန်မာစာ- ၃၀၆၊ အင်္ဂလိပ်စာ- ၃၃၀ (အင်္ဂလိပ်စာ ၅၅ မှတ်)၊ ပထဝီ- ၂၉၀၊ သမိုင်း- ၂၇၂၊ ဒဿနိကဗေဒ-၂၈၀၊ စိတ်ပညာ- ၂၅၂၊ ဥပဒေပညာ-၃၃၀၊ အရှေ့တိုင်းပညာ- ၂၅၃၊ ဓာတုဗေဒ- ၃၂၀၊ ရူပဗေဒ- ၃၂၇၊ သင်္ချာ- ၃၅၃၊ သတ္တဗေဒ- ၂၉၄၊ ရုက္ခဗေဒ- ၂၅၉၊ ဘူမိဗေဒ (ကျား- ၂၉၆၊ မ-၃၀၈)၊ ဇီဝဓာတုဗေဒ- ၂၈၂၊ အဏုဇီဝဗေဒ- ၂၈၀ တို့ဖြစ်သည်။

Ann

# ပထမအကြိမ်ကျင်းပမည့် တက္ကသိုလ်ကျောင်းသားများ၏ အသွင်တူပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ ကချင်ပြည်နယ်မှ ကျောင်းသားရှစ်ဦး တက်ရောက်ခွင့်ရ

မြစ်ကြီးနား၊ နိုဝင်ဘာ ၉

တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားများ ဦးဆောင်ပြီး ရန်ကုန်မြို့ NRPC ရုံး၌ ပထမအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံနှင့်အသွင်တူ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ကချင်ပြည်နယ်မှ လူငယ်ရှစ်ဦးတက်ရောက်ခွင့်ရရှိခဲ့ကြောင်း နည်းပညာတက္ကသိုလ်ကျောင်းသား မောင်ဂွမ်ရိန်အောင်ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲကိုနိုဝင်ဘာ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်၍ ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်များ လျှောက်ထားကြရာ ကချင်ပြည်နယ်မှ ရှစ်ဦးတက်ရောက်ခွင့်ရခဲ့သည်။

ထိုရှစ်ဦးအနက် နှစ်ဦးမှာ မြစ်ကြီးနားမြို့ နည်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသား မောင်ဂွမ်ရိန်အောင်နှင့် တတိယနှစ်ကျောင်းသား မောင်ဖုန်ဆန်အောင်တို့ဖြစ်ကြောင်း မောင်ဂွမ်ရိန်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျနော်တို့ကျောင်းသားတွေက ဘယ်မြို့ကလဲတော့မသိဘူး။ ကျွန်တော့်ဆီကိုလည်း အီးမေးလ်ပဲ ဝင်လာတာဆိုတော့ မြစ်ကြီးနားက နှစ်ယောက်ကိုပဲ သိတယ်။ အရမ်းများတဲ့အထဲက ရွေးချယ်ခံရတာပါ။ တခြားသူတွေရဲ့ ခံစားချက်တွေကိုသိရအောင် Rotate လုပ်ပြီးဆွေးနွေးမယ်။ ကိုယ့်ဘက်ကအခြေအနေတူတဲ့ဟာတွေကိုပဲ ဆွေးနွေးသွားမယ်" ဟု ၎င်းက ပြောသည်။

ယင်းအခမ်းအနားတွင် မောင်ဂွမ်ရိန်အောင်သည် ဆွေးနွေးသူ Speaker အနေဖြင့် တက်ရောက်မည်ဖြစ်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးသော်လည်း စစ်မှန်သည့် ငြိမ်းချမ်းရေးမရသည့်အကြောင်းနှင့် လူငယ်များ လိုအပ်နေသည့်အချက်များကို အဓိကပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"များသောအားဖြင့် လူငယ်တွေလိုအပ်တဲ့ဟာတွေကို ပြောမယ်။ လူငယ်တွေဘက်က ဘာလိုအပ်တယ်၊ လူကြီးတွေ ဆွေးနွေးနေတဲ့ လုပ်ဆောင်နေတဲ့ဟာတွေကို လူငယ်တွေအနေနဲ့ ယုံကြည်လာနိုင်အောင် ဘာတွေ လုပ်ဆောင်ပေးရမယ်ဆိုတာတွေကို တောင်းဆိုမယ်လို့ စဉ်းစားထားတယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် လူငယ်များ ပါဝင်ခွင့်နည်းပါးနေသည့် အခြေအနေတွင် ယခုကဲ့သို့ တက်ရောက်ပါဝင်ခွင့်ရသည့်အတွက် လူငယ်များနှင့် ပတ်သက်သောလိုအပ်ချက်များကို ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း မောင်ဖုန်ဆန်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"လူငယ်အနေနဲ့ အတွေ့အကြုံကောင်းတွေရမယ်။ လူငယ်တွေဆိုတာ တစ်ချိန်ချိန်မှာ လူကြီးဖြစ်လာမယ့်သူတွေပဲလေနော်။ ဆိုတော့ . . တိုင်းရင်းသားအချင်းချင်း ပိုပြီး ရင်းနှီးချစ်ခင်မှုတွေ ရလာမယ်လို့ မျှော်လင့်တယ်"ဟု ၎င်းက ပြောသည်။

၂၁ ရာစု ပင်လုံညီလာခံကို အခြေခံအသွင်ယူပြီး ပြုလုပ်မည့် အဆိုပါအခမ်းအနားတွင် တိုင်းနှင့်ပြည်နယ် အစုအဖွဲ့အသီးသီး၏ ရပ်တည်ချက်များ၊ အကျိုးစီးပွားများနှင့် မူဝါဒအသီးသီးကို လေ့လာသင်ယူဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်

# လီဒိုလမ်းဘေး ကျေးရွာများတွင် စားကျက်မြေအတွက် ကိုယ်တိုင် တိုင်းတာသတ်မှတ်

မြစ်ကြီးနား၊ နိုဝင်ဘာ ၉

မြစ်ကြီးနား - တနိုင်း၊ လီဒိုလမ်းမတစ်လျှောက်ရှိကျေးရွာလေးရွာမှ ဒေသခံများသည် နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့က စားကျက်မြေနေရာအတွက် ကိုယ်တိုင် တိုင်းတာသတ်မှတ်ရယူခဲ့ကြကြောင်းသိရသည်။



စားကျက်မြေနေရာများကို လဂျားဘွမ်ကျေးရွာအနီးတွင် မြေဧက ၁၈၆၀၁ ဒသမ ၂ဧက၊ ပနတ် (ဒရိန်ကောင်ရာ) တွင် ၅၃၀၂ ဒသမ ၄ ဧက၊ ဝါရာဇွပ်တွင် ၂၂၂၆၂ ဧကနှင့် မန်ပန်တွင် နှစ်နေရာသတ်မှတ်ရာ ပထမနေရာတွင် ၂၆၉၅ ဒသမ ၁ ဧက၊ ဒုတိယနေရာတွင် ၁၀၈၀ ဒသမ ၁ ဧကစသည်ဖြင့် တိုင်းတာသတ်မှတ်ခဲ့ကြခြင်း ဖြစ်ကြောင်း အခြေခံဖွံ့ဖြိုးရေးအဖွဲ့ (MRJ) ဒုတိယတာဝန်ခံ ဦးတန်ဂွန်းက ပြောသည်။

"ကျွန်တော်တို့ရဲ့မြေနေရာကို ကျွန်တော်တို့ ကိုယ်တိုင်ထိန်းသိမ်းနိုင်ဖို့၊ ကိုယ့်ရဲ့ဒေသက မြေနေရာတွေကို ဌာနေတိုင်း ရင်းသားဒေသခံတွေ ကိုယ်တိုင် ပိုင်ဆိုင်ဖို့ စီမံခန့်ခွဲနိုင်ဖို့၊ ဌာနေ တိုင်းရင်းသားဒေသခံများကိုယ်တိုင် အကျိုးခံစားခွင့်ရရှိဖို့၊ ကျွဲ၊နွား စားကျက်မြေနေရာ ပြဿနာများကို ကာကွယ်နိုင်ဖို့၊ ကျွဲ၊ နွား ပြဿနာဖြေရှင်းနိုင်ဖို့ရည်ရွယ်ချက်နဲ့ပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ဦးတန်ဂွမ်းက ရှင်းပြသည်။

၎င်း ဒေသခံပြည်သူများသည် ကျွဲ၊ နွားများဖြင့်သာ အသက်မွေးဝမ်းကြောင်း ပြုလုပ်သည့် ဒေသခံပြည်သူများဖြစ်ပြီး ၎င်း ကျေးရွာ ၄ ရွာမှ ရွာသားများက စားကျက်မြေနေရာများတိုင်းတာပြီး မြေပုံများ၊ ဗွီနိုင်းပိုစတာများဖြင့် နေရာသတ်မှတ်ခဲ့ကြသည်ဟု သိရသည်။

ဝါရာဇွပ်ကျေးရွာက စားကျက်မြေအတွင်း သစ်ခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ အခင်း၊ လယ်ယာ၊ ကိုင်းထောင်ခြင်းများမပြုလုပ်ရန် တားမြစ်ထားပြီး တွေ့ရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း၊ မန်ပန်ကျေးရွာ စားကျက်မြေတွင်လည်း မည်သည့်ကုမ္ပဏီ၊ တစ်သီးပုဂ္ဂလ အဖွဲ့အစည်းမျှ စိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းများ လုပ်ဆောင်ခြင်းလုံးဝ မပြုလုပ်ရန် ပိုစတာများဖြင့် တားမြစ်ထားကြောင်း သိရသည်။

လီဒိုလမ်းမတစ်လျှောက်ရှိ မြေနေရာများကို အစိုးရပိုင်အဖြစ် ၂၀၀၄ ခုနှစ်တွင် မြေဧကသိန်း၃၀ကျော်သတ်မှတ်ခဲ့ကာ ၂၀၀၇ ခုနှစ်တွင် ယုဇနကုမ္ပဏီက ဧက သုံးသိန်းကျော်ယူထားကြသဖြင့် ထိုနေရာများထဲမှ အချို့ကို ဒေသခံပြည်သူများက ၎င်းတို့၏ စားကျက်မြေနေရာအတွက် ပြန်လည်သတ်မှတ်ရယူခဲ့ကြခြင်း ဖြစ်သည်။

ဒေသခံပြည်သူများ တိုင်းတာသတ်မှတ်ထားသည့် စားကျက်မြေနေရာများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်ကာ ယခင်နှစ်များကလည်း တိန်ကောက်၊ နောင်းမီ၊ ကောင်ရာ၊ ဝါရာဇွပ် ကျေးရွာများကို ကျေးရွာသားများကစားကျက်မြေနေရာများကို သတ်မှတ်ခဲ့ကြသည်။

လဖိုင်လု

# ဆောင်းရာသီ၌ စားသုံးသင့်သော Top Ten စာရင်းဝင် အသီးအနှံများ

မိုးအကုန်

ဆောင်းအကူး ဆောင်းရာသီ ရောက်လာပြီဆိုတာနဲ့ သင်နဲ့ သင့်မိသားစု ပတ်ဝန်းကျင်မှာ ကိုယ်ခံအား ကျဆင်းခြင်း၊ အားအင်ချိနဲ့ခြင်း၊ နှာစေး ချောင်းဆိုးခြင်းအစရှိတဲ့ ကူးစက်ရောဂါတွေနဲ့ အခြားသော ရောဂါလက္ခဏာတွေ ပိုမိုများပြားတာကို သတိပြုမိကြမှာပါ။ ဒါပေမယ့် မစိုးရိမ်ပါနဲ့။ အခုကျွန်မဖော်ပြပေးမယ့် Top Ten စာရင်းဝင် အသီးအနှံတွေကတော့ အဲလို ရောဂါလက္ခဏာတွေ ဖြစ်ပေါ်လာတတ်ခြင်းကနေ ကာကွယ်ပေးနိုင်မယ့်အပြင် အခြားသော ဗီတာမင်ဓာတ်တွေနဲ့ အကျိုးကျေးဇူးတွေကိုလည်း ပေးစွမ်းနိုင်တဲ့အတွက် သင်နဲ့သင့်မိသားစုကို ဆောင်းတွင်းတစ်တွင်းလုံး ပျော်ရွှင်ကျန်းမာခြင်းကို အထောက်အကူဖြစ်စေနိုင်မယ့် အသီးအနှံတွေပဲ ဖြစ်ပါတယ်။

## ၁။ ပန်းသီး (Apple)

အာရုံကြောမှာရှိတဲ့ သွေးနီဥတွေကို ထိန်းသိမ်းပေးပြီး သူတို့ရဲ့လုပ်ဆောင်မှုကို ကောင်းမွန်စေရုံသာမက ကိုလက်စထရောအဆင့် (Cholesterol level) ကို ထိန်းညှိပေးပါတယ်။ အဲဒီလိုအချက်တွေကြောင့် ဒီလိုအေးမြတဲ့ ဆောင်းရာသီမှာ ပန်းသီးကို အထူးစားသုံးသင့်ပါတယ်။

## ၂။ ရှောက်၊ သံပရာမျိုးဝင် အသီးများ (Citrus Fruits)

ဥပမာ- လိမ္မော်သီး (orange)၊ လီမွန် (lemon) ၊ သံပရာသီး (lime)

အဆိုပါ အသီးများတွင် အန်တီအောက်စီဒန့် (Antioxidants) ဓာတ်ပါဝင်မှုကြောင့် နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးပါတယ်။ (flavonoids) ဓာတ်ကြောင့်လည်း သွေးချိုဖြစ်ခြင်းမှ ကာကွယ်ပေးပါတယ်။

## ၃။ စွန်ပလွံသီး (Dates)

ဗီတာမင်ဓာတ်၊ သံဓာတ်နှင့် အမျှင်ဓာတ်များပါဝင်ပြီး အစာခြေတဲ့နေရာမှာ ဖြစ်ပေါ်လာတတ်တဲ့ ပြဿနာများကို ဖြေရှင်းပေးနိုင်ပါတယ်။

## ၄။ သလဲသီး (Pomegramates)

ဓာတုဆေးနဲ့ ကုလို့မရဘူးဆိုတဲ့ ရောဂါအမျိုးတွေကိုတောင် ဒီအသီး စားခြင်းကြောင့် ပြန်ကောင်းမွန်လာတယ်လို့ ဆိုကြပါတယ်။ ဒီအသီးမှာဆိုရင် ဗီတာမင်ဓာတ်၊ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်နှင့် ပိုတက်စီယမ်ဓာတ်များ ပါဝင်ပါတယ်။

Polyphehol- antixodiant ပါရှိခြင်းကြောင့် ရင်သားကင်ဆာ၊ အဆုပ်ကင်ဆာအစရှိတဲ့ ရောဂါတွေကို ကာကွယ်ပေးနိုင်ပါတယ်။ ထို့အပြင် Tumor Cell လို့ခေါ်တဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရောင်ရမ်းလာတတ်သော ဆဲလ်တွေကြီးထွားလာမှုမှ ကာကွယ်ပေး နိုင်ပါတယ်။

အမျှင်ဓာတ်တွေလည်း ပါဝင်တာကြောင့် အစာချေတဲ့ နေရာမှာလည်း အလွန် အသုံးဝင်ပါတယ်။ ဒီအသီးကို နေ့စဉ်စားသုံးခြင်းဟာ သင့်ကို နုပျိုစေတဲ့အပြင် ကူးစက်ရောဂါတွေကနေ ကာကွယ်ပေးနိုင်ပါတယ်။

## ၅။ ကန်စွန်းဥ (SweetPotatoes)

နှာစေး၊ ချောင်းဆိုးခြင်းမှ ကာကွယ်ပေးနိုင်တာဟာ သူ့ရဲ့ ဗီတာမင်-စီ ကြွယ်ဝခြင်းကြောင့်ဖြစ်ပါတယ်။ ဗီတာမင်- ဒီ ကြောင့် လူ့ခန္ဓာကိုယ်မှ လိုအပ်တဲ့ နေရောင်ခြည်စွမ်းအားတွေကို ရယူပေးတဲ့အပြင် စိတ်ဖိစီးမှုမှလည်း ကာကွယ်နိုင်ပါတယ်။ ဒါ့အပြင် အာရုံကြောနဲ့ နှလုံးကြားထဲက လုပ်ဆောင်မှုတွေကို ကောင်းမွန်စေပါတယ်။

## ၆။ အစိမ်းရင့်ရောင်အရွက်များ ( Dark, Leafy Greens )

ဥပမာ- ကိုက်လန်၊ ဟင်းနုနွယ်၊ ဆလတ်ရွက်အစရှိတဲ့ အရွက်များ

သံဓာတ်ကြွယ်ဝမှုကြောင့် ကိုယ်ခံအား ကောင်းမွန်စေနိုင်တဲ့အပြင် ရုပ်ကိုနုပျိုစေပါတယ်။ ပြီးတော့ မျက်စိအားလည်း ကောင်းစေပါတယ်။ ဒီလိုအရွက်များ နေ့စဉ်စားသုံးပေးခြင်းဖြင့် ရောဂါပိုးများစွာကို တိုက်ထုတ်ပေးနိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် အသီးအရွက်တွေမှာ ပါလာတတ်တဲ့ ပိုးသတ်ဆေးတွေကို မချက်ပြုတ်ခင် ရေစင်စင်ဆေးကြောဖို့တော့ လိုမှာပါ။

## ၇။ ဂေါ်ဖီထုပ်၊ မုန်လာထုပ် (Cabbage)

စိတ်စွမ်းအားနှင့် အာရုံစူးစိုက်မှုတွေကို ကောင်းမွန်စေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဗီတာမင်-ကေ နှင့် Anthocyanin ဓာတ် ပါဝင်တဲ့အတွက်ကြောင့်ပါ။ အဆီဓာတ်နည်းပါးပြီး အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် နေ့စဉ်စားသုံးသင့်သော ဟင်းလျာ ဖြစ်ပါတယ်။ ပြီးတော့ သင့်ခန္ဓာကိုယ် အလေးချိန်ကို ထိန်းညှိပေးထားနိုင်ပါတယ်။

အရက်နာကျခြင်းမှလည်း ကာကွယ်ပေးနိုင်တဲ့အပြင် နဖူးပေါ် ကပ်တင်ထားခြင်းဖြင့် ခေါင်းကိုက်ခြင်းမှလည်း သက်သာစေပါတယ်။

## ၈။ မုန်လာဥဖြူ ( Beet- root )

Gym မသွားမီ မုန်လာဥဖြူဖျော်သောက်ခြင်းက ပုံမှန်ထက် ၁၆ ရာခိုင်နှုန်းပိုပြီး ထိရောက်စေပါတယ်။ ပြီးတော့ Phytonutrient ဓာတ်ကြောင့် ကင်ဆာအမျိုးမျိုးကို ပျောက်ကင်းစေပါတယ်။ မုန်လာဥဖြူမှာ ဗီတာမင်ဓာတ်နဲ့ သံဓာတ် ပါဝင်တာကြောင့် အဆီပိုမတက်အောင် ကာကွယ်ပေးနိုင်ပါတယ်။

## ၉။ မုန်လာဥနီ (Carrot and Radishes)

ဗီတာမင်- အေ၊ သံဓာတ်နဲ့ အခြားဓာတ်များ ပါဝင်ပါတယ်။ မုန်လာဥနီဟာ ကင်ဆာဆဲလ်တစ်မျိုးဖြစ်တဲ့ Tumor Cell ကြီးထွားခြင်းမှ ရပ်တန့်ပေးနိုင်တဲ့အပြင် အရေပြားကင်ဆာနဲ့ ခံတွင်းကင်ဆာတွေကိုလည်း ကုသနိုင်ပါတယ်။ မုန်လာဥဟာ ဗီတာမင်- စီဓာတ်ကြွယ်ဝတဲ့အပြင် ကယ်လိုရီလျော့နည်းတဲ့ အစားအစာဖြစ်တယ်။ ဒါ့ကြောင့် သင့်ခန္ဓာကိုယ်ကို အဆိပ်အတောက်ဖြစ်စေမယ့် အရာတွေကို တိုက်ထုတ်ပေးစေပါတယ်။

## ၁၀။ ပဲစေ့၊ ပဲပင် ( Peas )

ပဲစေ့၊ ပဲပင်များဟာ လူတွေကို ခွန်အားရစေပါတယ်။ Antiaging ဓာတ်ကြောင့် အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးတယ်။ အရိုးအဆစ်တွေကိုလည်း သန်မာစေပြီး အဆိပ်အတောက်ဖြစ်ခြင်းကို လျော့နည်းစေတယ်။ နောက်ပြီး အစာချေအားကောင်းတဲ့ အမျှင်ဓာတ်တွေ ပါဝင်ပါတယ်။ ပရိုတင်းဓာတ်များစွာ ပါဝင်ခြင်းက သွေးမှာရှိတဲ့ သကြားဓာတ်ကို ထိန်းညှိပေးပါတယ်။ ဒီအချက်တွေကြောင့် ဆောင်းတွင်းမှာ သင့်ရဲ့ခန္ဓာကိုယ်ကို ကျန်းမာအောင်ထားလိုပါက သင့်ရဲ့ ဈေးဝယ်ခြင်းတောင်းကို အထက်ကအသီးအနှံ ၁၀ မျိုးနဲ့ ဖြည့်စွက်ဖို့မမေ့ပါနဲ့။ နေ့စဉ်စားသုံးရမယ့် အသီးအနှံများစာရင်းထဲမှာ ထည့်ထားဖို့လည်းမမေ့ပါနဲ့။ သင့်ရဲ့မိသားစုတွေ ကျန်းမာသန်စွမ်းလာအောင် ဒီ Top Ten စာရင်းဝင် အသီးအနှံတွေနဲ့ အလွယ်တကူလုပ်ယူလိုက်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

မျိုးမြတ်မြတ်ပန်

# Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၉ - ၁၁ - ၂၀၁၈ မှ ၁၅ - ၁၁ - ၂၀၁၈ အထိ


မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၀၀ နာရီ နှင့် ည ၇ း ၀၀ နာရီ ပွဲချိန်များတွင် - **မီ**

နိုင်ငံခြားရုပ်ရှင်ကို ညနေ ၃ း ၃၀ နာရီ ပွဲချိန်တွင် -

THUGS of HINDOSTAN






| ရွှေဈေး | |
| --- | --- |
| ခေါက်ရွှေ | ၁၀၃၉၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၇၉၀၀၀ ကျပ် |

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
| --- | --- |
| KENBO Digital/ရိုးရိုး | ၇၇၀၀၀၀/၇၅၀၀၀၀ ကျပ် |
| CANDA | ၅၇၀၀၀၀ ကျပ် |
| SHAYAN | ၅၇၀၀၀၀ ကျပ် |
| FEILING | ၅၇၀၀၀၀ ကျပ် |
| JIA LING | ၆၉၅၀၀၀ ကျပ် |
| CYCLONE | ၁၀၃၅၀၀၀ ကျပ် |





# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း

စိတ်ရောဂါဝေဒနာတွေ၊ စိတ်ဒဏ်ရာတွေ၊ စိတ်အတွင်းထဲမှပဋိပက္ခတွေကို စိမ့်ဆိုတဲ့ မိန်းကလေး တစ်ယောက်ရဲ့ အမြင်၊ ယမုန်ဆိုတဲ့ စိတ်ရောဂါကု ဆရာဝန်မတစ်ယောက်ရဲ့ အမြင်တွေအတွင်းမှ ရေးဖွဲ့ထားတဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရှေးရိုးစွဲအစဉ်လာတွေအရ လိင်ကိစ္စအမြင်တွေ လူမှုရေး၊ အိမ်ထောင်ရေးအမြင်တွေကို ပွင့်လင်းလွတ်လပ်စွာ ရေးသားဖော်ထုတ်ထားပါတယ်။ ဒီလို အရေးအသားမျိုးတွေကို ခေတ်ပြိုင်ကမ္ဘာ့ဝတ္ထုတွေမှာ အများကြီးတွေ့ရပေမယ့် မြန်မာဝတ္ထုတွေမှာ အတွေ့ရနည်းလှပါတယ်။ အရင်ကတော့ ဆရာမကြည်အေး၊ ဆရာမဂျူးတို့ အရေးအသားတွေမှာ တွေ့ရတတ်ပေမယ့် အခုခေတ်မှာတွေ့ရခဲပါတယ်။ အခု ဆရာမ သော်တာအေးလဲ့ရဲ့ မနက်ဖြန်မှပြုံးတော့မယ်ဝတ္ထုဟာ အစဉ်အလာဝတ္ထုတွေနဲ့ အတန်ငယ်ကွဲပြားတဲ့ အနုပညာမြောက် ခေတ်ပြိုင် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်ပါတယ်။




| မနက်ဖြန်မှ ပြုံးတော့မယ် |
|---|
| စာရေးသူ = သော်တာအေးလဲ့ |
| စာအုပ်တိုက် - ကံ့ကော်ဝတ်ရည် |
| တန်ဖိုး = ၃၃၀၀ ကျပ် |

အရောင်သည် အချစ်ကိုပြသည်၊ အမုန်းကိုလည်းကြွစေသည်။ အရောင်ဖြင့် လွမ်းစရာ့မြင်ကွင်းအကြောင်း ပြောပြနိုင်စွမ်း၏။ တစ်ဖန်အရောင်သည် ငြိမ်းအေးမှုကို ကူးစက်စေပြန်သည်။ ထိုနည်းတူ အရောင်ကြောင့်ပင် စိတ်အားတက်ကြွရ၏။ ဒါကလည်း ရယူခံစားသူနှင့်သာ သက်ဆိုင်ပါသည်။


စိမ့်အတွက်မူ အချစ်၏ တန်ခိုးကြောင့်သာ လှပငြိမ်းအေးသော အရောင်တို့ကို တစ်ချိန်တုန်းက မြင်စွမ်းသာခဲ့ရသည်။ အချစ်ပျားရည်အိုင်တွင် မြုပ်ချည်ပေါ်ချည် ကူးခတ်နေခိုက်က ဖြစ်၏။ ထိုစဉ်က တစ်မိုးလုံးသည် လင်းနေသည်၊ ကြည်နေသည်၊ နုနယ်နေသည်၊ အသွေးစုံဖြင့် ကြွရွနေလေသည်။ ဆိုရပါလျှင် ဝင်လုဆဲဆဲနေ၏ အဆင်းသည် ပြင်းပြစူးရှလွန်းသည်။

ဆိုရပါလျှင် ဝင်လုဆဲဆဲနေ၏အဆင်းသည် ပြင်းပြစူးရှလွန်းသည်။ သို့သော် မီးလျှံလို အရောင်အသွေးကို စိမ့်က မမြင်ဘဲ လိမ္မော်ပြေပြေလေးကိုမှ ပန်းခရမ်းဖောက်ထားသော အပြာစင်စင် ကောင်းကင်ကိုပဲ မြင်ရသည်။ ညနေခင်းတို့သည် ချိုအီမွှေးပျံ့နေလေသည်။ ဒါသည် စိမ့်က ချစ်သည်ဟု ထင်ခဲ့ဖူးသော 'လင်းသာ' ကြောင့် ဖြစ်သည်။

အချစ်၏ နယ်နမိတ်ကျော်လွန်ပြီးသည့်အခါဝယ် မြင်ကွင်းတို့အပေါ် ခံစားချက်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ တံလျှပ်ကို ရေထင်ခဲ့မှန်း သိသာလာသည်။ အပ္ပိယေဟိသမ္ပယောဂ ဒုက္ခဟုပင် ထင်မိလာသည်။ ( စာ - ၃၇ မှ)

---

ရန်ကုန်တက္ကသိုလ်နယ်နမိတ်အတွင်းရှိ လှည်းတန်းသည် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ အနုပညာရှင်များ ကျင်လည်ကျက်စားသွားလာခဲ့ကြသည့်အထင်ကရ နယ်မြေတစ်ခု ဖြစ်ပါသည်။ နိုင်ငံကျော် စာရေးဆရာများ၊ နိုင်ငံကျော် အဆိုတော်များ၊ ဂီတသမားများ၊ အနုပညာနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်စသည့် နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များလှည့်လည်သွားလာနေထိုင်ခဲ့ရာလှည်းတန်းသည် ခေတ်အဆက်ဆက် အမှတ်တရများ၊ သမိုင်းဖြစ်ရပ်များနှင့် ပတ်သက်ဆက်နွယ်ခဲ့သည့်အမှတ်တရများစွာ ရှိပါသည်။ ထိုအမှတ်တရများကို လှည်းတန်းအက်ဆေး နာမည်နှင့်ရေးသားခဲ့ကြရာ အခုစာအုပ်သည် အမှတ်စဉ် ၄ အုပ်မြောက်ခဲ့ပြီဖြစ်ပါသည်။




| အက်ဆေးလှည်းတန်း |
|---|
| စာရေးသူ = ကလောင်စုံ |
| စာအုပ်တိုက် = ရာပြည့်စာအုပ်တိုက် |
| တန်ဖိုး = ၂၅၀၀ ကျပ် |

လှည်းတန်းကပ်စ်ထရိုဟာ ရှုပ်ထွေးလှုပ်ခတ်နေတဲ့ လှည်းတန်းထဲမှာနေပေမယ့် တိတ်ဆိတ်အေးစက်နေတဲ့ညမျိုးကို စွဲမက်ခုံမင်တဲ့ လူတစ်ယောက်ပါ။ တိတ်ဆိတ်နေတဲ့ ညထဲကို ယမကာလေး ရီရီဝေဝေနဲ့သီချင်းလေးတွေဆိုပြီး တိုးဝင်သွားချင်တဲ့လူပေါ့။ ဘာမှမျှော်လင့်လို့မရတဲ့ ခေတ်ကြီးထဲကနေပြီး ဘာကိုမှ မျှော်လင့်မထားခဲ့တဲ့ လူထူးလူဆန်းတစ်ယောက်ပေါ့။ကျွန်တော်မှတ်မိနေသေးတယ်။ အဲဒီကာလတုန်းက အနက်ရောင် ၉၂၉ တွေကို ပြည်လမ်းပေါ်မှာတွေ့တွေ့၊ ကမ္ဘာအေးဘုရားလမ်းပေါ်တွေ့တွေ့၊ တွေ့တဲ့နေရာမှာသူ ဆဲတတ်ပါတယ်။နောက်ပိုင်းကျတော့ ၉၂၉ တင် မကတော့ဘူး။ ၃၂၃ ကားရောင်စုံတွေ့ရင်လည်း ဆဲတော့တာပဲ။ သိပ်ပြီး ပေါက်ကွဲလာတဲ့ ရက်မျိုးဆို ဘာပြောကောင်းမလဲ။ မာဇဒါဂျစ်အစိမ်းစီးလာတဲ့လူတွေကိုပါ သူဆဲလေ့ရှိပါတယ်။ မဆလခေတ်ဆိုးကြီးထဲမှာ ဒီလူတွေ သူတို့နည်း သူတို့ဟန်နဲ့ အခွင့်ထူးတွေ ရနေကြတဲ့ အခွင့်ထူးခံလူတန်းစားတွေ မဟုတ်လား။

လမ်း ဆက်လျှောက်မယ်၊ ရွှေတောင်ကြား၊ အားလုံးကို ကျော်ဖြတ်ရမယ်၊ အတ္တသမားကျွန်တော်လို သီချင်းတွေနဲ့ညဟာ ဆူပွက်တုန်ခါသွားပြီလား။ လက်ကျန်အရက်ခွက်ကို တစ်ချီတည်းမော့ချလိုက်ပြီး "ဖွီး မီးခဲတွေကို မျိုချလိုက်ရတဲ့အတိုင်း ပါပဲလားကွာ" ဆိုပြီး ညည်းညူပြလိမ့်မယ်။ သူဟာ အရက်ခွက်ထဲကို ဘယ်တုန်းကမှ ရေရောခဲ့တဲ့လူ မဟုတ်ပါဘူး။( စာ - ၉၆ မှ)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း
( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မွှေး | ၂၂၀၀ ကျပ် |
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန်ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၅၀၀ကျပ် |
| ပဲစင်းငုံ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၈၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ခြောက်ရှည် (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ငရုတ်ပွခြောက် | ၈၀၀၀ ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

# ကချင်ပြည်နယ်တွင် စားသုံးသူရေးရာဦးစီးဌာနရုံးသက်တမ်းတစ်နှစ်ကျော်လာသော်လည်း တိုင်တန်းသူမရှိသေး

မြစ်ကြီးနား၊ နိုဝင်ဘာ ၅

ကချင်ပြည်နယ် ဈေးကွက်အတွင်း ရောင်းချနေသည့် ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်း တစ်စုံတစ်ရာ အငြင်းပွားမှုကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ လာရောက်တိုင်တန်းသည့်ဖြစ်စဉ် မရှိသေးကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြစ်ကြီးနား၊ ဗန်းမော်နှင့် မိုးညှင်းခရိုင်တို့တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံရေးဌာနရုံးကို ၂၀၁၇ ခုနှစ်ကစတင် ဖွင့်လှစ်ထားသော်လည်း ယနေ့အထိ တိုင်ကြားမှုမရှိခြင်း ဖြစ်ကြောင်း သိရသည်။

"ဖုန်းနဲ့တော့ ဘယ်မှာဘာဖြစ်တယ် အဲ့လောက်ပဲ တိုင်ကြတယ်။ တိုင်ကြားသူကိုလျှို့ဝှက်ထားပေးတယ်။ တရားဝင်ရုံးစာတင်ပြီး ပြောပါလို့ပြောရင်တော့ ဘယ်သူမှလာမတိုင်ကြတော့ဘူး။ သူတို့ပြောတဲ့နေရာကို သွားစစ်ဆေးတာမျိုးတော့ ရှိတယ်။ သက်သေမရှိတော့ စစ်ဆေးရမလွယ်ဘူး"ဟု ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောသည်။

ပြည်သူများအနေဖြင့် အဝေးပြေးခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကိုအသုံးပြုရာတွင် ကြိုတင်မှာယူထားသည့် နေ့ရက်အတိုင်း ထိုင်ခုံနေရာ သတ်မှတ်ချက်နှင့် သဘောတူညီချက်များအတိုင်း ရရှိခြင်းရှိ/မရှိ၊ တန်ဖိုးသတ်မှတ်ချက်အတိုင်း ကြေညာချက်အတိုင်း မဟုတ်ဘဲ အခကြေးငွေ ပိုပေးနေရခြင်း၊ ခရီးဆောင် ပစ္စည်းများကို တန်ရာတန်ကြေးယူ၍ ပေးအပ်ခဲ့မှုအပေါ် ပျက်စီးဆုံးရှုံးမှုများရှိလျှင် တာဝန်ယူဆောင်ရွက်ခြင်း ရှိ/မရှိ၊ သတ်မှတ်ထားသော ယာဉ်အမျိုးအစားထက် ညံ့သောယာဉ်ဖြင့် အစားထိုးပြောင်းရွှေ့ စီးနင်းခိုင်းခြင်းနှင့် ဆက်ဆံရေးပြေပြစ်မှုမရှိပဲ ရိုင်းစိုင်းစွာ ပြုမူဆက်ဆံခြင်းတို့ရှိပါက တိုင်ကြားနိုင်ကြောင်း သိရသည်။

ကုန်စည်ပစ္စည်း ရောင်းဝယ်မှုများတွင်လည်း ရောင်းချပြီးပစ္စည်းအပေါ် အာမခံချက်ပေးထားသည့် အတိုင်း ဆောင်ရွက်ပေးမှုမရှိခြင်း၊ ကတိကဝတ်ပြုထားသည့်အတိုင်း ပြုလုပ်ပေးမှုမရှိခြင်း၊ မဝယ်ယူမီ စမ်းသပ်ခွင့်မပြုခြင်း၊ သတ်မှတ်ကာလအတွင်း ပစ္စည်းလဲလှယ်မပေးခြင်း၊ သတ်မှတ်တန်ဖိုးနှင့်အညီ ပစ္စည်းအမျိုးအစားစုံလင်စွာ မပေးခြင်းများ ရှိပါကလည်း တိုင်ကြားနိုင်သည်။

အစားအသောက် ဝန်ဆောင်မှုတွင် ဝယ်ယူစားသောက်သည့် တန်ဖိုးထက်ပို၍ ငွေပေးနေရခြင်း၊ မှာယူထားသော အစားအသောက်အပေါ် စိတ်ကျေနပ်မှုမရှိခြင်း၊ မှာယူထားသော အစားအသောက်သည် စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သော ပစ္စည်းများပါဝင်နေပါက အသစ် ထပ်မံဆောင်ရွက်ပေးမှု မရှိခြင်း၊ ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံခြင်း၊ သက်ဆိုင်မှုမရှိသော အခကြေးငွေများ ပိုမိုပေးဆောင်နေရခြင်းတို့ကိုလည်း တိုင်ကြားနိုင်ကြောင်း သိရသည်။

ထို့အပြင် အီလက်ထရောနစ်ပစ္စည်းများ ပြုပြင်သည့်အခါပြင်ဆင်ရန်အပ်နှံထားသော ပစ္စည်းကို ကတိကဝတ်၊ အာမခံချက်နှင့်အညီ ဆောင်ရွက်မပေးခြင်း၊ ပစ္စည်းအစားထိုးလဲလှယ်ရာတွင် အမှန်တကယ်စစ်မှန်သော ပစ္စည်းများနှင့် လဲလှယ်မပေးခြင်း၊ မူရင်းပစ္စည်း အကောင်းများကို ဖြုတ်ယူ၍ လဲလှယ်ခံနေရခြင်း၊ ကတိကဝတ် ပြုထားသော သတ်မှတ်ရက်အတိုင်း မှန်မှန်ကန်ကန် ဆောင်ရွက်မပေးခြင်း၊ ငွေကြေးညှိနှိုင်းမှုမရှိဘဲ ပြင်ဆင်ပြီးမှ ငွေကြေးအဆမတန် တောင်းခံမှုများနှင့် ကြုံတွေ့ရပါကလည်း တိုင်ကြားနိုင်သည်။




"တိုင်တယ်ဆိုရင်လည်း အချက်အလက် ပြည့်ပြည့်စုံစုံနဲ့ တိုင်ပါ။ ဒီအတိုင်း အဲဒီမှာအဲလိုဖြစ်တယ်ဆိုတာထက် ဘယ်မှာက ဘယ်လိုဖြစ်ပြီး ဘာလုပ်နေတယ် စသည်ဖြင့် အချက်အလက်စုံစုံနဲ့ တရားဝင်တိုင်ကြားစေလိုပါတယ်။ ဒါမှ ကျွန်တော်တို့လည်း အရေးယူမှုတွေ ဆောင်ရွက်တဲ့အခါ ကောင်းစွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောသည်။

ထိုသို့ စားသုံးသူပြည်သူများ တိုင်ကြားလာသည့် အချက်အလက်ပေါ်မူတည်ပြီး အရောင်းဆိုင်(သို့မဟုတ်) ယာဉ်ပိုင်ရှင်ကိုခေါ်ယူကာ နှစ်ဦးနှစ်ဖက်ပြေလည်ရန် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံရေးဌာနမှ တာဝန်ယူကာ ညှိနှိုင်းမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဦးကျော်မင်းက ရှင်းပြသည်။

စားသုံးသူများအား နစ်နာအောင် လုပ်ဆောင်သူများကို မြန်မာနိုင်ငံစားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ ထိုက်သင့်သည့် ပစ္စည်းဖြစ်စေ၊ ထိုက်သင့်သည့် နစ်နာဆုံးရှုံးမှုအတွက်ဖြစ်စေ ကတိပြုထားသည့်အတိုင်း တန်ဖိုးနှင့်အညီ ပြန်လည်ရရှိအောင် ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေသည် စားသုံးသူများကို ကာကွယ်ပေးထားသည့် ဥပဒေဖြစ်သည့်အတွက် နစ်နာသည့် စားသုံးသူအနေဖြင့် အမှန်တကယ်နစ်နာပါက စားသုံးသူရေးရာဦးစီးဌာနရုံး၊ စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံရေးဌာနသို့ စာပို့ခြင်း၊ ဖုန်းဖြင့် တိုင်ကြားခြင်း၊ လူကိုယ်တိုင်တိုင်ကြားခြင်းနှင့် အွန်လိုင်းမှ တိုင်ကြားခြင်းများကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက မြစ်ကြီးနားတွင် ပြည်နယ်စားသုံးသူ ရေးရာဦးစီးဌာနရုံး၊ မြို့သစ်ကြီးရပ်ကွက်၊ အမှတ် (၁၉၉)၊ ရွှေတောင်လမ်း၊ ဖုန်း ၀၇၄ - ၂၂၄၅၉/၂၂၃၃၅၊ ဗန်းမော်မြို့တွင် ခရိုင်စားသုံးသူရေးရာ ဦးစီးမှူးရုံး၊ အမှတ် (၂)၊ မန်စီလမ်းမကြီးဘေး၊ ဖုန်း ၀၇၄-၅၀၅၂၃ နှင့် မိုးညှင်းမြို့တွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနရုံး၊ နားခါအုပ်စု၊ သာစည်ရပ်ကွက်၊ အမှတ် (၁၇၇)၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ ဖုန်း ၀၇၄-၆၀၀၂၈ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ကျောင်းစာ စိတ်မဝင်စားတော့သည့် စစ်ရှောင်ကလေးများအတွက် အသက်မွေးပညာသင်တန်းကျောင်းဖွင့်လှစ်

ဝိုင်းမော်၊ နိုဝင်ဘာ ၇

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကေဘီစီစစ်ရှောင်စခန်းတွင် ပညာရေး ဝန်ကြီးဌာနနှင့် Myanmar Kindness Group Foundation တို့ပူးပေါင်း၍ နိုဝင်ဘာလ ၆ ရက်နေ့က အသက်မွေးပညာသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့သည်။

ယင်း သက်မွေးပညာသင်တန်းကျောင်းသည်ပြောင်းရွှေ့နေထိုင်သူ လူငယ်လူရွယ်များအတွက် ဒေသလိုအပ်ချက်နှင့် လျော်ညီသော အသက်မွေးပညာများ သင်ကြားနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာအေးမြင့်က ပြောသည်။

"လူငယ်တွေက ကျောင်းစာကိုစိတ်မဝင်စားဘဲ လက်တွေ့လုပ်ငန်းတွေမှာ စိတ်ဝင်စားတဲ့လူတွေ ရှိတယ်။ အဲဒါကြောင့် ကျောင်းစာတွေ စိတ်မဝင်စားတဲ့ လူငယ်တွေကို လက်တွေ့ဘဝရပ်တည်နိုင်ဖို့အတွက် ဖွင့်လှစ်ခြင်းဖြစ်တယ်"ဟု ဒေါက်တာအေးမြင့်က ပြောသည်။

အသက်မွေးပညာ သင်တန်းကျောင်းတွင် အိပ်ခန်းအဆောင်၊ ထိန်းသိမ်းသန့်ရှင်းရေးသင်တန်းခန်း၊ အိမ်တွင်းလျှပ်စစ် ဝါယာရိန်းသင်တန်းခန်း၊ အစားအသောက်နှင့် ဝန်ဆောင်မှုသင်တန်းခန်း အစရှိသောသင်တန်းခန်းများကို ဖွင့်လှစ်ထားကြောင်း ဖြစ်သည်။

အဆိုပါ အသက်မွေးပညာသင်တန်းကျောင်းကို Myanmar Kindness Group Foundation မှ ဒေါ်ခင်မာလာနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ထားသော ကျောင်း ဖြစ်သည်။




အသက်မွေး သင်တန်းကျောင်းကို စစ်ရှောင်စခန်းအတွင်းရှိ လူငယ်များအတွက် အဓိကရည်ရွယ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်ဟု Myanmar Kindness Group Foundation မှ ဒေါ်ခင်မာလာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"စစ်ဘေးကြောင့် ပြောင်းရွှေ့လာတဲ့ လူတွေဆိုတော့ ပညာကို ဆုံးခန်းတိုင်အောင်လည်း မသင်ကြားခဲ့ရဘူး။ ပြီးတော့ သူတို့မှာက ရည်ရွယ်ချက်ပျောက်တဲ့ အဲဒီအတွက် အခုလို အသက်မွေးပညာကျောင်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်"ဟု ဒေါ်ခင်မာလာက ပြောသည်။

အသက်မွေးပညာ သင်တန်းကျောင်းကို ငွေကျပ်သိန်းပေါင်း ၃၀၀ ခန့် အကုန်အကျခံကာစစ်ရှောင်စခန်းများတွင် ပထမဦးဆုံး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Ah Je

# ကချင်ပြည်နယ်ထုတ် ရက်ကန်းထည်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် စတင်အကောင်အထည်ဖော်



မြစ်ကြီးနား၊ နိုဝင်ဘာ ၈

အောက်တိုဘာလ ၁၀ ရက်နေ့က မြစ်ကြီးနားမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ယူကေနိုင်ငံတကာ ဖွံ့ဖြိုးရေးဌာနနှင့် Turquoise Mountain တို့ ပူးပေါင်းကျင်းပခဲ့သော အခမ်းအနားတွင် ကချင်ပြည်နယ်ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံသွားမည်ဟု ပြောကြားခဲ့သည့်အတိုင်း Turquoise Mountain အဖွဲ့က မြစ်ကြီးနားမြို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ရင်းနှီးမြှုပ်နှံရန်အတွက် လုပ်ငန်းအစီအစဉ်များကို Turquoise Mountain မှ တာဝန်ရှိသူများနှင့် မြစ်ကြီးနား ရက်ကန်းတာဝန်ခံတို့ ပူးပေါင်းကာ မြစ်ကြီးနား၊ မြို့သစ်ကြီးရပ်ကွက်၊ ဂျန်မိုင်ကောင်းနှစ်ခြင်း ဘုရားကျောင်းဝင်းတွင် ရက်ထည်များအရည်အသွေးမြှင့်တင်ရေးနှင့် ပတ်သက်သော ရက်တိုသင်တန်းကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ပို့ချခဲ့သည်။

ကချင်ပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းရှင်များအနေဖြင့် ကိုယ်ပိုင်အရည်အချင်း၊ ရိုးရာအဆင်များရှိသော်လည်း ပိုမို ကောင်းမွန်သော အရည်အသွေး၊ အရောင်အဆင်းများဖြင့် အထည်တန်ဖိုးများကို မြှင့်တင်ပြီး နိုင်ငံခြားဈေးကွက်သို့ထိုးဖောက်နိုင်ရန် သင်တန်းများ လာရောက်ပို့ချခြင်းဖြစ်ကြောင်း Turquoise Mountain မှရက်ကန်းတာဝန်ခံ Mrs. Katherine က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိက ဒီက ရက်ကန်းလုပ်တဲ့သူတွေဆီမှာ ခတ်နိုင်တဲ့အရည်အချင်း၊ ကိုယ်ပိုင်ရိုးရာတွေအဆင်တွေက ရှိပြီးသား. . . ဒါပေမဲ့ ကျွန်မတို့အဖွဲ့အစည်းအနေနဲ့က သုတေသနလုပ်ရင်းနဲ့ ဘာမြင်သလဲဆိုတော့ ပိုကောင်းတဲ့ ချည်မျှင်အရည်အသွေးတွေနဲ့ နိုင်ငံတကာ ဈေးကွက်က ကြိုက်နိုင်တဲ့ အရောင်တွေကို သုံးခြင်းအားဖြင့် အထည်တွေရဲ့တန်ဖိုးကို ပိုပြီးတော့ မြင့်လာနိုင်စေမယ်လို့ကျွန်မတို့က ထင်တယ်။ အဲ့ဒါကြောင့်မို့လို့လည်း ရက်တိုသင်တန်းလေးတစ်ခုလုပ်ဖို့ ရှိတယ်"ဟု Mrs Katherine က ပြောသည်

ယင်းသင်တန်းတွင် အရောင်နှင့် ပတ်သက်သော အဓိပ္ပါယ်၊ ဓာတုဆိုးဆေးများအကြောင်းနှင့် အရောင်စပ်ခြင်း၏ အသုံးဝင်ပုံ၊ ကုန်ကြမ်းချည်မျှင်နှင့်ပတ်သက်သောအကြောင်းအရာများနှင့် ကချင်ရိုးရာအထည်များနှင့် ပတ်သက်ပြီး ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

"အဓိကကတော့ သူတို့က ဘယ်အရောင်နဲ့ ဘယ်အရောင်က ပိုပြီးလိုက်ဖက်မှုရှိတယ်၊ ဆန့်ကျင်ဘက်ဖြစ်တယ်ဆိုတာတွေကို ပြောပြတယ်။ နိုင်ငံတကာ ဈေးကွက်က ကြိုက်တဲ့အရောင်တွေကို ပြောပြတယ်။ အခုကအများအားဖြင့် လုပ်ဖြစ်နေတာက အရောင်ရင့်တွေကိုပဲ ပိုသုံးဖြစ်နေတာပေါ့။ ဒါပေမဲ့ သူတို့ပြောပုံအရဆိုရင် အရောင်နုတာတွေကိုပဲ ပို သဘောကျကြတယ်လို့တော့ ပြောတယ်။ အရမ်းကောင်းပါတယ်။ အခုလိုလာပြောပြတာက ကျွန်မတို့ မသိနားမလည်တဲ့သူတွေဆို ပိုပြီးသိရတာပေါ့"ဟုလာရောက်ဆွေးနွေးသူ ဒေါ်ကိုင်ဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ရက်တိုသင်တန်း အပြီးတွင် ဒေသအလိုက် သွားရောက်လေ့လာပြီးကချင်ဒေသရိုးရာအဝတ်အထည် အရောင်များနှင့် ပတ်သက်၍လည်း ဒီဇိုင်းစာအုပ် ထုတ်သွားမည်ဖြစ်ပြီးနိုင်ငံတကာမှဝယ်ယူသူများထံသို့ သွားရောက်ပြသကာ နိုင်ငံတကာဈေးကွက်နှင့် သွားရောက်ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း Mrs. Katherine က ပြောသည်။

"ဒီဇိုင်းစာအုပ် ထုတ်တာတော့ မြန်မြန်ထွက်လာဖို့ မျှော်လင့်တယ်။ ဒီ ဒီဇိုင်းစာအုပ်ကိုသုံးပြီးတော့ ကျွန်မတို့ရဲ့ဖောက်သည်တွေကို သွားပြီးပြမယ်။ ပြီးသွားလို့ရှိရင် တခြားဒီဇိုင်းနာတွေနဲ့လည်း တွေ့ပြီးတော့ ဒီလိုမျိုးအရောင်တွေနဲ့ ဒီဇိုင်းတွေကို ဘယ်လိုမျိုး ထုတ်ကုန်တွေလို့မြင်လဲ ဆိုတာမျိုးတွေ။ ထုတ်ကုန်တွေကို ထုတ်ဖို့ဆိုတာ အချိန်နည်းနည်းကြာကောင်းကြာလိမ့်မယ်။ အချိန်ဘယ်လောက်အတိအကျ ဆိုတာကတော့ ပြောလို့မတတ်ဘူး"ဟုၚင်းက ဆက်လက်ပြောကြားခဲ့သည်။

Turquoise Mountain အဖွဲ့သည် British Council, UNHCR, USAID နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့ကြီး ၆ ဖွဲ့၏ အဓိကပံ့ပိုးမှုဖြင့် လည်ပတ်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကာ ၎င်းစီမံကိန်းအတွက် လာမည့် နှစ်နှစ်အတွင်း ဒေါ်လာ ၇၅၀၀၀၀ ကျော် (ကျပ်သိန်းပေါင်း တစ်သောင်းကျော်) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး စီမံကိန်းကနဦးကာလတွင် ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်ရှိ ရိုးရာအထည်အလိပ်လုပ်ငန်းများနှင့် အစပြုပြီး အဆင့်မြင့်အထည်များ ရက်လုပ်ရန်နှင့် ဈေးကွက်ဝင်ဆံ့ရန်အတွက် ရက်ကန်းလုပ်ကိုင်သူများနှင့်အတူ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရသည်။

၎င်းအဖွဲ့အစည်းက ကျွမ်းကျင်မှုများနှင့် ရိုးရာဓလေ့ထုံးတမ်းများကို အခြေခံပြီး အထည်အလိပ်ကဏ္ဍကိုတွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေသော အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးမည့်အပြင် မတူကွဲပြားသည့် ဓလေ့ထုံးတမ်းများစွာရှိသော မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

Ann

# ကချင်ပြည်နယ်အတွင်းသို့ ဝင်ရောက်လာသည့် ဆောင်းခိုငှက်အကောင်ရေ စစ်တမ်းကောက်ယူမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၈

မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသသို့ လာရောက်ခိုလှုံကြသည့် ဆောင်းခိုငှက် (ခေါ်) ရေငှက်မျိုးစိတ်များကို လာမည့်နှစ် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ ငှက်ထိန်းသိမ်းရေးပညာရှင်ထံမှ သိရသည်။

အဆိုပါ ငှက်များကို WCS အဖွဲ့ဝင်များက ငှက်ရှာဖွေရေးဝါသနာပါသည့် ဒေသခံများ၊ NGO, INGO အဖွဲ့ဝင်များနှင့် ပူးပေါင်းကာ စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အာရှတိုက်ရှိ နိုင်ငံတိုင်းသည် ငှက်မျိုးစုံသောလ ဖြစ်သည့် ဇန်နဝါရီလ ဒုတိယပတ်ခန့်မှစပြီး စစ်တမ်းကောက်ယူခြင်းကို လွန်ခဲ့သည့် ၁၉၉၈ ခုနှစ်မှစ၍ နှစ်စဉ်ပြုလုပ်လျက်ရှိကာ အချို့ဒေသများတွင် ဒီဇင်ဘာလခန့်မှစပြီး စစ်တမ်းများ ကောက်ယူလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဆောင်းခိုငှက်ခေါ် ရေငှက်မျိုးစိပ်ပေါင်း ၃၀၀ ကျော်ရှိနေပြီဖြစ်ကြောင်းနှင့် အဆိုပါငှက်မျိုးများသည် လူများအတွက် အကျိုးပြုငှက်မျိုးစိတ်များဖြစ်သည့်အတွက် မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် လူတိုင်း ထိန်းသိမ်းသင့်ကြောင်း WCS မှ ငှက်ထိန်းသိမ်းရေးပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

"စပါးခင်းကို ဖျက်စီးပေးတဲ့ ရွှေခရု၊ ကဏန်း၊ မျှော့စတဲ့အကောင်တွေကို စားပေးတဲ့ ငှက်မျိုးလည်းရှိတယ်။ တခြားငှက်တွေလည်း သူဟာနဲ့သူ လူတွေကိုအကျိုးပြုနေတဲ့ ငှက်တွေအများကြီး ရှိပါတယ်" ဟု ဦးသက်ဇော်နိုင်က ပြောသည်။

ထို့အပြင် ငှက်မျိုးစိတ်များက ထိန်းသိမ်းခြင်းဖြင့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုရှိလာမည်ဖြစ်၍ နိုင်ငံ့ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ တိုးပွားစေနိုင်သည်ဟုလည်း ၎င်းက ဆိုသည်။

အဆိုပါ ငှက်များသည် ဆောင်းခိုရန် နှစ်စဉ် အောက်တိုဘာလခန့်မှ စတင်ပြောင်းရွှေ့ကြပြီး ဧပြီလခန့်တွင် ပြန်လည် ထွက်ခွာကြကြောင်း သိရသည်။



ထိုငှက်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ် မသွားစေရန် WCS အဖွဲ့အနေဖြင့်လည်း ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်နေပြီး ငှက်မျိုးစတပ်များနေထိုင်ရာဒေသများရှိဒေသခံများကိုလည်း အသိပညာပေးဟောပြောမှုများ လိုက်လံဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။

ငှက်ရှာဖွေရေးလုပ်ငန်းကို စိတ်ဝင်စားသည့် ပြည်သူများအနေဖြင့်လည်း ငှက်များကို စစ်တမ်းကောက်ယူကာ သက်ဆိုင်ရာဒေသများရှိ WCS (Wildlife Conservative Society) ရုံးများသို့ ပေးပို့နိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ၂၁ မိုင် ပူးပေါင်းဂိတ်က ဘိန်းဖြူဆပ်ပြာခွက် ၁၅၅ ခွက်ဖမ်းဆီး

မြစ်ကြီးနား၊ နိုဝင်ဘာ ၆

မြစ်ကြီးနားမြို့နယ်၊ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မြစ်ကြီးနားမြို့ဘက်သို့ မောင်းဝင်လာသော ကားတစ်စီးမှ မူးယစ်ဆေးဝါးများနှင့် အမျိုးသားနှစ်ဦးကို နိုဝင်ဘာလ ၅ ရက်က ဖမ်းဆီးခဲ့ကြောင်း မြစ်ကြီးနား မူးယစ်တပ်ဖွဲ့စု (၂)မှ သိရသည်။

၎င်းတို့ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူမှုန့် ၁၀ ဒသမ ၅ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၅၅ ခွက်နှင့် ၈၈/၁ တံဆိပ်ပါ ပန်းရောင်ဆေးပြား ၁၉၈ ပြားစီပါ အထုပ် ၁၅၀ တို့ ဖြစ်ကြောင်း သိရပြီး ယာဉ်လီဗာအောက်ခြေ ကြမ်းခင်းအံဝှက် အတွင်းမှ ဆပ်ပြာခွက် ၃၆ ခွက်၊ ယာဉ်ရှေ့ခန်းဝဲဖက်ခြမ်း ကြမ်းခင်းအောက်အံဝှက်အတွင်းမှ ဆပ်ပြာခွက် ၄၀ နှင့် ဆေးပြား အထုပ် ၃၀၊ ယာဉ်နောက်ဘန်မာအတွင်းမှ ၆၁ ခွက်၊ ယာဉ်ရှေ့ဘန်ကာအံဝှက်အတွင်းမှ ၁၈ ခွက်နှင့် ဆေးပြား ၁၂၀ ထုပ်တို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ၄၅ ကုန်းရှိ အမျိုးသားတစ်ဦးက မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးရန် ယာဉ်မောင်းနှင့် စီးနင်းလိုက်ပါလာသူတို့ကို ငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၁ မိုင်ဂိတ်တွင် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးထားစဉ် ယာဉ်ပေါ်တွင် လိုက်ပါလာသူအမျိုးသား၏ သမီးဖြစ်သူက ထို မူးယစ်ဆေးဝါးများ ထားရမည့်နေရာကို လိုက်လံပြသရန် မော်ဖောင်းကျေးရွာတွင် လာရောက်စောင့်ဆိုင်းနေသည်ဟု ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် သမီးဖြစ်သူနှင့် အဖော်အမျိုးသားတစ်ဦးကိုပါ ထပ်မံဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထို့နောက် သမီးဖြစ်သူနှင့် အမျိုးသားတစ်ဦးကို မော်ဖောင်းကျေးရွာအဝင် လမ်းမပေါ်မှ သွားရောက်စောင့်ကြိုရန် စေခိုင်းခဲ့သူမှာ မိခင်ဖြစ်သည်ကို ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါး ထားသိုမည့်အိမ်မှာ တပ်ကုန်းရပ်ကွက်တွင် တည်ရှိကြောင်း သမီးဖြစ်သူ၏ထွက်ဆိုချက်အရ ရဲတပ်ဖွဲ့က ထိုအိမ်သို့ သွားရောက်ရာ ထိုအိမ်တွင် အမျိုးသားတစ်ဦးကို ထပ်မံတွေ့ရှိ ဖမ်းဆီးခဲ့ကြောင်း၊ အိမ်ထဲတွင် ရှာဖွေသည့်အခါ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိသော်လည်း မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသည်ဟုယူဆရသည့် ၁၀၀၀၀ တန်ငွေကျပ် သိန်း ၈၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူများဖြစ်ကြသော ယာဉ်မောင်းနှင့် အမျိုးသားတစ်ဦး၊ လာကြိုသည့် အမျိုးသမီးနှင့် အဖော် အမျိုးသားတစ်ဦး၊ အိမ်စောင့်အမျိုးသားတစ်ဦး၊ စေခိုင်းသူ မိခင် အမျိုးသမီးတစ်ဦးနှင့် မူဆယ်မြို့မှ အမျိုးသားတစ်ဦး၊ စုစုပေါင်း ၇ ဦးတို့ကို မြစ်ကြီးနား နယ်မြေ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ-၁၉(က)/ ၂၀(က)/ ၂၁ တို့ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အမှုနှင့်ပတ်သက်သူ ၇ ဦးအနက် တပ်ကုန်းရပ်ကွက်ရှိ မိခင်ဖြစ်သူအမျိုးသမီးနှင့် မူဆယ်မြို့၊ ၄၅ ကုန်းမှ အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိခြင်း မရှိသေးသဖြင့် ဖမ်းဝရမ်းထုတ်ထားကြောင်း သိရသည်။

မွန်းမွန်းပန်

# မူးယစ်ဆေးဖြတ်ပြီးသူများကို ပြန်လည်ထူထောင်ရေး သင်တန်း ပထမဆုံးအကြိမ်ဖွင့်လှစ်

မြစ်ကြီးနား၊ နိုဝင်ဘာ ၈

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်တွင် တည်ထောင်ထားသော မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်းတွင် နိုဝင်ဘာလ ၅ ရက်နေ့မှ ဒီဇင်ဘာလ ၉ ရက်အထိ ပထမဆုံးအကြိမ် ပြန်လည်ထူထောင်ရေးသင်တန်း ဖွင့်လှစ်နေကြောင်း သိရသည်။

ဝိုင်းမော်၊ တနိုင်း၊ မြစ်ကြီးနားမြို့တို့မှ သင်တန်းသား ၁၂ ဦးတက်ရောက်ရန် စာရင်းပေးသွင်းထားပြီး ပြန်လည်ထူထောင်ရေးစခန်းမှ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ပို့ချပေးသွားမည့်အပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်မှုအဖြစ် ဘာသာရေး၊ စိတ်တည်ငြိမ်မှုကျင့်စဉ်၊ အားကစား၊ အပန်းဖြေ လေ့လာရေးခရီးတို့ကိုလည်း အနီးကပ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုပြန်လည်ထူထောင်ရေး သင်တန်းကျောင်း ဖွင့်လှစ်ရခြင်းမှာ ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးကင်းစင်ပြီး နိုင်ငံတော်၏ ဆုံးရှုံးနေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြန်လည်ဖော်ထုတ်ပေးရန် မူးယစ်ဆေး၏ ထိန်းချုပ်ခံဘဝမှ လွတ်မြောက်ပြီး မိမိရပ်ရွာလူမှုပတ်ဝန်းကျင်အတွင်းပြန်လည်ဝင်ဆံ့နိုင်ရန်နှင့် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ရန်ဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းကို Myanmar Kindness Group နှင့် White Health Care တို့မှ ပူးပေါင်းပါဝင်ကူညီခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ရှိ မူးယစ်ဆေးဝါးဖြတ်သူများ ပြန်လည်တည်ထောင်ရေးစခန်းကိုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိခင်ဖြစ်သူ ဒေါ်ခင်ကြည် အမည်ဖြင့် ထူထောင်ထားသော ဖောင်ဒေးရှင်းမှ တည်ထောင်ထားပြီး အောက်တိုဘာလ ၁၉ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် ဖွင့်လှစ်ပေးခဲ့သော သင်တန်းကျောင်း ဖြစ်သည်။

Ah Je

# လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က ဝိုင်းမော်မြို့ရှိ အသင်းတော်များတွင် လိုက်လံအမြင်ဖွင့်

ဝိုင်းမော်၊ နိုဝင်ဘာ ၅

ဝိုင်းမော်မြို့တွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲသူများ လျော့ကျသွားစေရန် လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (PJS)အဖွဲ့မှ နိုဝင်ဘာလ၅ရက်နေ့မှစတင်ကာ အမြင်ဖွင့်ပညာပေးမှုများ လိုက်လံပြုလုပ်နေကြောင်း သိရသည်။

စနေနေ့ညတွင် လူငယ်များကို အမြင်ဖွင့်ပြောကြားခဲ့ပြီး တနင်္ဂနွေနေ့ မနက်တွင် ကလေးသူငယ်များ၊ တနင်္ဂနွေနေ့ညနေအစီအစဉ်တွင် မိခင်၊ ဖခင်များကို အုပ်စုခွဲ၍ မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့်ပတ်သက်သည့် အကြောင်းအရာများကို အမြင်ဖွင့် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ အမြင်ဖွင့်သင်တန်းများ လိုက်လံဆောင်ရွက်ခြင်းသည်မူးယစ်ဆေးဝါး အန္တရာယ်ကို သိနားလည်သူများက မသိနားမလည်သူများကို ပြန်လည်ဝေမျှနိုင်ရန်နှင့် ဝိုင်းမော်မြို့နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူ လျော့ကျရေးအတွက် မိသားစုဝင်များပါ ပူးပေါင်းပါဝင် တိုက်ဖျက်နိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်ဟု PJS (Pat Ja San)အဖွဲ့မှ ဆရာမဒေါ်ခေါင်နောက ပြောသည်။

“မူးယစ်ဆေးဝါးသုံးစွဲတဲ့လူ အိမ်ထောင်မှာရှိပြီဆိုရင် မိသားစုများရှုပ်ထွေးတယ်။ ပတ်ဝန်းကျင်မှာ ရှုပ်ထွေးလာတယ်။ ပြီးရင် ရပ်ကွက်ထဲမှာ တစ်ခုပြီးတစ်ခု ရှုပ်ထွေးလာတယ်။ ဒါကြောင့် မူးယစ်းဆေးဝါးနဲ့ ပတ်သက်ပြီး ရှုံမုန်းသွားအောင်၊ မူးယစ်ဆေးဝါးက ကိုယ့်ရဲ့ရန်သူဖြစ်တယ်ဆိုတာ ခံယူတတ်ဖို့ပေါ့”ဟု ဒေါ်ခေါင်နောက ပြောသည်။

ယင်းလူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့သည် ဝိုင်းမော်မြို့တွင်း၌ အဖွဲ့သုံးဖွဲ့ခွဲကာ ဂိုဏ်းဂဏပေါင်းစုံ အသင်းတော်တိုင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ah Je

# ဘိန်းဖြတ်ထားသူများ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်မည်



မြစ်ကြီးနား၊ နိုဝင်ဘာ ၈

မူးယစ်ဆေးဝါးဖြတ်ပြီးကြောင်း လက်မှတ်ရရှိထားသည့် ကချင်ပြည်နယ်အတွင်းမှ ပြည်သူများအတွက် မြစ်ကြီးနားမြို့ ကြာရာပတီးရပ်ကွက်၊ နယ်မြေ(၁၂)တွင် အသက်မွေးဝမ်းကြောင်း ပညာရပ်သင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို ဇန်နဝါရီလဆန်းပိုင်းမှစတင်ကာ ၆လ တစ်ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မီးစက်အမျိုးမျိုးနှင့် မော်တော်ကားဝပ်ရှော့၊ သံပန်း၊ ပရိဘောဂ၊ အလူမီနီယံ၊ ပန်းရံ၊ အုတ်ခဲ၊ ဝါယာရိန်း၊ ပိုက်ဆက် နည်းပညာရပ်များကို အဓိက သင်ကြားမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ ဆံပင်ညှပ်၊ MUSIC တို့ကိုလည်း သင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ လက်တွေ့လုပ်ဆောင်မှု များလည်း ပါဝင်မည်ဖြစ်ကြောင်း ကျောင်းမှ ဒုတာဝန်ခံ JAMER နောနော်က ပြောသည်။

လူမျိုးဘာသာ၊ အသက်အကန့်အသတ် မခွဲခြားဘဲ ဘိန်းဖြတ်စခန်းတစ်ခုခုမှ လက်မှတ်ရရှိသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ ဒီဇင်ဘာလ အလယ်ပိုင်းတွင် ရပ်ကွက်အသင်းတော်တို့၌ လျှောက်လွှာများပေးပို့ကာ သင်တန်းသားခေါ်ယူမည် ဖြစ်ကြောင်းလည်း ဒုတာဝန်ခံက ပြောသည်။

“ဘိန်းစားဘဝကနေ ပြောင်းလဲလာရင်လည်း ဘေးပတ်ဝန်းကျင်က အထင်အမြင်သေးလို့ အလုပ်လက်မဲ့ ဖြစ်နေတဲ့သူတွေအတွက် ရည်ရွယ်ပြီး ဖွင့်တာဖြစ်ပါတယ်။ ကိုယ့်ဘဝကို ရပ်တည်နိုင်ပြီး မိသားစုကို အထောက်အပံ့ ပေးနိုင်အောင်လုပ်တာပါ။ အကျိုးရှိတဲ့ဘဝတွေဖြစ်လာစေဖို့ဖြစ်ပါတယ်။ အခြားသူတွေလည်း တက်လို့ တော့ရတယ်။ ဒါပေမဲ့ ဒီလိုမျိုးကျောင်းမှာ တက်ချင်တဲ့သူရှိချင်မှ ရှိမှာပါ”ဟု JAMER နောနော်က ပြောသည်။

ယင်းသင်တန်းကျောင်းနေရာတွင် ယခင်၂၀၁၂ ခုနှစ်က KBC ဗဟိုအသင်းချုပ်မှ လောက၏ အလင်းသာသနာကျောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရပြီး ထိုသင်တန်းက ဆေးဝါးများအသုံးမပြုဘဲ နှုတ်ကပတ်တော် သမ္မာကျမ်းစာဖြင့် သုံးလတစ်ကြိမ် ဘိန်း၊ အရက်၊ မူးယစ်ဆေးဝါး စွဲနေသူများကို ဖြတ်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ရပ်နားကာ ယင်းကျောင်းမှ လူနေဆောင်နှင့် စာသင်ဆောင်များကို ပြန်လည်ပြုပြင် ချဲ့ထွင်ကာ စနစ်ပြောင်းလဲပြီး ၆လ တစ်ဖြတ် စီမံကိန်းဖြင့် အသက်မွေးဝမ်းကြောင်း ပညာသင်တန်းကျောင်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

၎င်း အသက်မွေးဝမ်းကျောင်း ပညာရပ်သင်တန်းကို လောက၏ အလင်းသာသနာကျောင်းဟူသည့် အမည်ဖြင့် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဘိန်းဖြတ်သည့်လုပ်ငန်းကို ထိုကျောင်းမှ တာဝန်ယူဆောင်ရွက်မည် မဟုတ်ကြောင်း သိရသည်။

ဘရန်ဂျာ PH

# မြန်မာ U – 15 ဘောလုံး အသင်းဖွဲ့စည်းရန် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို စောင့်ကြည့်

မြစ်ကြီးနား၊ နိုဝင်ဘာ ၆

မြန်မာ့လက်ရွေးစင် U – 15 အသင်းဖွဲ့စည်းနိုင်ရန်အတွက် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၄နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာယူ - ၁၅ အသင်းကို ဖွဲ့စည်းနိုင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်နှင့် နည်းစနစ်အဖွဲ့ဝင်များက ယခု ကျင်းပလျက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျောင်းပေါင်းစုံ လူငယ်ဘောလုံးပြိုင်ပွဲများကို လေ့လာစောင့်ကြည့်နေခြင်း ဖြစ်သည်။

မြန်မာ ယူ - ၁၅ အသင်းသည် လာမည့်နှစ်တွင် ၂၀၁၉ အာဆီယံ ယူ - ၁၅ ချန်ပီယံရှစ်ပြိုင်ပွဲ၊ ၂၀၂၀ အာရှယူ - ၁၆ ခြေစစ်ပွဲများကို ယှဉ်ပြိုင်ရန်ရှိနေသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းစနစ်အဖွဲ့များက စောင့်ကြည့်နေခြင်း ဖြစ်သည်။

ထိုသို့သော ပြိုင်ပွဲများကို ယှဉ်ပြိုင်နိုင်ရန် မြန်မာယူ - ၁၅ အသင်းကို မြန်မာနိုင်ငံ ဘောလုံးအကယ်ဒမီများမှ အားကစားသမားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကျောင်းပေါင်းစုံလူငယ်ဘောလုံးပြိုင်ပွဲများတွင် ခြေစွမ်းပြကစားသည့် ကစားသမားများနှင့် ပေါင်းစပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် 100 Plus ၏ အကူအညီဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ MFF U - 14 Cup တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့က သုဝဏ္ဏမြက်ခင်းတုကွင်းတွင် ဖွင့်လှစ်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အသင်းပေါင်း ၁၇ သင်းဖြင့် အုပ်စု ၄ စုခွဲကာ ကျင်းပနေပြီး၊ ကချင်ပြည်နယ် ကိုယ်စားပြုအသင်းသည် အုပ်စု (ဂ)တွင် ရှမ်း(အရှေ့)၊ ရခိုင်၊ စစ်ကိုင်း တို့နှင့် တွေ့ဆုံယှဉ်ပြိုင်လျက်ရှိသည်။

ဆိုင်း(ကချင်မြေ)



# တရုတ်–မြန်မာ ချစ်ကြည်ရေးအတွက်ကချင်ပြည်နယ်မှ ဘောလုံးသမားများ တရုတ်နိုင်ငံသို့ သွားကစားမည်



မြစ်ကြီးနား၊ နိုဝင်ဘာ ၉

မြစ်ကြီးနားမြို့နယ်၊ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲမှ ရွေးချယ်ထားသည့် U-18 လက်ရွေးစင် ဘောလုံးအသင်းသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါင်ဆန်းပြည်နယ်ခွဲ ဘောလုံးအသင်း၏ ဖိတ်ကြားချက်အရ တရုတ် - မြန်မာ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ သွားရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့ ဖိတ်ခေါ်ခြင်းမှာ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဖြစ်ကြောင်းနှင့် သွားရောက်မည့်ကစားသမားများအတွက် လေ့လာရေးခရီးစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးမောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပေါင်ဆန်းပြည်နယ်နဲ့ ကချင်ပြည်နယ်၊ပြည်နယ်နှစ်ခုကြား ချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်တယ်။ ပေါင်ဆန်းတက္ကသိုလ်တို့၊ ကောလိပ်တို့နေရာစုံကို လိုက်ပြပေးမယ်။ ကျောင်းသားအဖွဲ့တွေနဲ့ ချစ်ကြည်ရေး Campaign တွေလုပ်ဖို့ရှိတယ်"ဟု ဒေါ်ဖြိုးဖြိုးမောင်က ပြောသည်။

ကချင်ပြည်နယ် ဘောလုံးအဖွဲ့အနေဖြင့် နိုဝင်ဘာလ ၂၆ ရက်မှ ၃၀ ရက်ထိ သွားရောက်မည်ဖြစ်ကြောင်း သိရပြီး မြို့နယ်အားကာမှူး အပါအဝင် ကစားသမား ၂၈ ဦး သွားရောက်မည်ဖြစ်ကြောင်းလည်း သိရသည်။

Ann/ Benadeth

# ဆီးဂိမ်းပြိုင်ပွဲအတွက် ကချင်ပြည်နယ်မှ ဘောက်ဆင် လက်ဝှေ့လက်ရွေးစင် ကစားသမား သုံးဦးသွားရောက်အရွေးခံ

မြစ်ကြီးနား၊ နိုဝင်ဘာ ၉

၂၀၁၉ ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ရန် ကချင်ပြည်နယ် ဘောက်ဆင်လက်ဝှေ့လက်ရွေးစင်အသင်းမှ ကစားသမားသုံးဦး ဝင်ရောက်အရွေးခံရန် သွားရောက်ရမည်ဖြစ်ကြောင်း ပြည်နယ်ဘောက်ဆင်လက်ဝှေ့နည်းပြဦးနေဝင်းလေးထံမှ သိရသည်။

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၃၉ ကြိမ်မြောက် ဆီးဂိမ်းအားကစားပွဲတော်ကြီးတွင် မြန်မာနိုင်ငံအနေဖြင့် ဘောက်ဆင်လက်ဝှေ့အားကစားတွင် ကီလိုတန်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တိုင်းနှင့်ပြည်နယ်ဂုဏ်ဆောင် လက်ရွေးစင်ကစားသမားများထဲမှပြန်လည်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို ပြည်နယ်ဘောက်ဆင်လက်ဝှေ့လက်ရွေးစင် ကစားသမားသုံးဦးတွင် ၅၇ ကီလိုတန်းတွင် ဝင်ပြိုင်မည့် အမျိုးသမီးတစ်ဦးနှင့် ၄၉ ကီလိုတန်း၊ ကီလို ၆၀ တန်းအတွက် အမျိုးသားနှစ်ဦး ပါဝင်ပြီး ဝင်ရောက်အရွေးခံနိုင်ရန် နိုဝင်ဘာလ ၁၀ ရက်နေ့က ရန်ကုန်မြို့သို့ ထွက်ခွာသွားကြောင်း ဦးနေဝင်းလေးကမြစ်ကြီးနားသတင်းဂျာနယ်သို့ ဆက်ပြောသည်။

"ဒီလိုပွဲတွေက ခေတ်မီတဲ့ အဆင့်မြင့်ပွဲတွေလည်း ဖြစ်သလို၊ ကျွန်တော်တို့ဆီကနေ သွားရောက် ယှဉ်ပြိုင်မယ့် ကစားသမားတွေကလည်း တကယ့်ကို ထူးချွန်လွန်းတဲ့သူတွေပါပဲ"ဟု ဦးနေဝင်းလေးက ပြောသည်။

ထို ကချင်ပြည်နယ်မှ ဘောက်ဆင်လက်ဝှေ့လက်ရွေးစင်ကစားသမားများသည် စက်တင်ဘာလအတွင်းက ပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၁ ခုနှင့် ကြေးတံဆိပ် ၃ ခု ရရှိခဲ့ကြောင်း ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

ဆိုင်း (ကချင်မြေ)


မြစ်ကြီးနားသတင်းဂျာနယ်
အပတ်စဉ်
တနင်္လာ နေ့တိုင်း
ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်
၀၉- ၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၀၂၁၉၃
Online မှ Pdf မှာယူလိုသူများ myitkyinajournal@gmail.com သို့ဆက်သွယ်နိုင်ပါသည်၊
လပေးနှစ်ချုပ် မှာယူလိုသူများ ဆက်သွယ်ရန်
၀၉- ၄၅၉၄၅၂၉၀၂၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၂၅၉၀၇၇၄၁၅၊ ၀၉- ၂၅၆၃၆၀၂၇၄

# ကမ္ဘာ့အဆင့် ဆုကြီးနှစ်ဆု ရခဲ့သည့် အောင်လအင်န်ဆန်

မြစ်ကြီးနား၊ နိုဝင်ဘာ ၉




Burmese Python အောင်လအင်န်ဆန်သည် နိုဝင်ဘာလ ၈ ရက်နေ့က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ Global Martial Art Summit ဆုပေးပွဲ အခမ်းအနားတွင် ဂုဏ်ပြုဆု နှစ်ခုရရှိခဲ့သည်။ MMA (ကိုယ်ခံပညာသိုင်းပေါင်းစုံ) ဖိုက်တာ ကမ္ဘာ့ချန်ပီယံ အောင်လအင်န်ဆန်သည် တစ်နှစ်တာ အကောင်းဆုံးအမျိုးသား အားကစားသမားဆု (Male Athlete of the Year)နှင့် အကောင်းဆုံးပြိုင်ပွဲဆု (Bout of the Year)နှစ်ခုကို ရရှိခဲ့ပြီး မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော် ဆုနှစ်ဆုရခဲ့ပါတယ်။ အကောင်းဆုံးပြိုင်ပွဲဆုကတော့ ကျွန်တော်နဲ့ ကင်မ်ဟစ်ဂါဝါတို့ ထိုးခဲ့တဲ့ပွဲကို ရည်ရွယ်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ Global MMA မှာ အသိအမှတ်ပြုပြီး ဒီလိုမျိုး ဆုပေးတဲ့အတွက် အရမ်းဝမ်းသာတယ်။ ကျွန်တော် MMA ကစားတာ ဒီလိုမျိုးဆုကို လိုချင်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကမ္ဘာက အသိအမှတ်ပြုတဲ့အတွက်တော့ အရမ်း ဂုဏ်ယူပါတယ်"ဟု သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။


ထိုဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံးဆု ၁၆ ဆု ပေးအပ်ချီးမြှင့်ခဲ့ပြီး အောင်လအင်ဆန်သည် Walkout of the Year/ Knockout of the Year/ Martial Arts Hero of the Year စသည့် ဆုအမည်များတွင်လည်း ဆန်ခါတင် စာရင်းတွင် ရေပန်းစားခဲ့သေးသည်။

လက်ရှိတွင် ONE Middle Weight World Champion နှင့် Light Heavy Weight World Champion စသည့် ခါးပတ်နှစ်ခုကို အောင်လအင်န်ဆန်က ပိုင်ဆိုင်ထားကာ ၂၀၁၈ခုနှစ်အတွင်းမြန်မာနိုင်ငံတွင် ပွဲစဉ်သုံးပွဲထိုးသတ်ခဲ့ရာ သုံးပွဲစလုံးအနိုင်ရခဲ့ပြီး ONE Middle Weight World Champion ခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

အောင်လအင်ဆန်သည် လာမည့် ၂၀၁၉ ခုနှစ် မတ်လတွင် Light Heavy Weight World Champion ကာကွယ်ပွဲကို ဂျပန်နိုင်ငံတွင် ထိုးသတ်သွားရန်ရှိပြီး One Championship ပြိုင်ပွဲများကို နိုင်ငံပေါင်း ၁၃၈ နိုင်ငံအထိ ထုတ်လွှင့်ပြသလျက်ရှိရာ ကမ္ဘာတစ်ဝန်းမှ ကြည့်ရှုသူ သန်းပေါင်း ၁၇၀၀ ကျော် ရှိသည်အထိ ပြသနိုင်ခဲ့ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ဝတ်လစ်စလစ် ဇာတ်ဝင်ခန်းများကြောင့် ဝေဖန်ခံနေရသော "ဒဏ္ဍာရီအလွမ်း" အမည်ရ ကချင်ရုပ်ရှင်ဇာတ်ကားကို ဗီဒီယိုပုံစံဖြင့် ထုတ်လုပ်ဖြန့်ချိ




အောက်တိုဘာ ၃၁

ဝတ်လစ်စလစ် ဇာတ်ဝင်ခန်းများကြောင့် ဝေဖန်ခံနေရသော ဒဏ္ဍာရီအလွမ်း (Marit ai Maumwi Mausa) အမည်ရ ကချင်ရုပ်ရှင်ဇာတ်ကားကို အချို့အပိုင်းများ တည်းဖြတ်ကာ ဗီဒီယိုဇာတ်ကားပုံစံဖြင့် စတင်ဖြန့်ချိလိုက်ကြောင်း ဒါရိုက်တာ ကိုလယော်ခေါင်ဇယ်ထံမှ သိရသည်။

ကချင်ဝေါလ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးထားသော အဆိုပါဇာတ်ကားမှ ၆ မိနစ်စာနမူနာကို အောက်တိုဘာလ ၁၁ ရက်နေ့ညက လူမှုကွန်ရက်စာမျက်နှာတွင် လွှင့်တင်ခဲ့ရာ ဇာတ်လမ်းနမူနာတွင် အမျိုးသားတစ်ဦး အဝတ်အစားမပါဘဲ ရေကန်အတွင်း ဆင်းသွားသည့်အခန်း၊ အဓမ္မပြုကျင့်ဟန်သရုပ်ဆောင်ထားသည့် ဇာတ်ကွက်တွင် အတွင်းခံဘောင်းဘီကို တင်ပါးအောက် ချွတ်ထားသည့်အခန်းများ၊ သားမယားပြုကျင့်ခံရသူ၏ ရင်သားကို ဆုတ်နယ်သည့် အခန်းများ ပါဝင်နေသဖြင့် ကချင်ပရိတ်သတ် များ၏ ဝေဖန်မှုကိုခံကာ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို အချိန်ယူကာ ပြန်လည်ပြင်ဆင်ပြီးမှ ယခုကဲ့သို့ ပုံစံပြောင်းလဲဖြန့်ချိလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုဇာတ်ကားတွင် ပါဝင်သည့် ဇာတ်ဝင်ခန်းအချို့ကို ဖြတ်တောက်ပြင်ဆင်မှုပြုလုပ်ခဲ့သည့်အတွက် ဆင်ဆာအရည်အသွေးကြောင့် ရုပ်ရှင်ဇာတ်ကားမှ ဗီဒီယိုဇာတ်ကားပုံစံဖြင့် ထုတ်လုပ်ဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း ယင်းရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ကိုလယော်ခေါင်ဇယ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ အကောင်းဆုံးပြင်ဆင်ပြီးပါပြီ။ ဖြတ်စရာရှိတဲ့ အခန်းတွေကိုလည်း အကောင်းဆုံး တည်းဖြတ်ထုတ်လုပ်ထားတာပါ။ ဒီ ဇာတ်ကားကိုလူမျိုးရေး၊ ဘာသာရေးအမြင်နဲ့မဟုတ်ဘဲ အနုပညာအမြင်နဲ့ပဲ ကြည့်ပေးရင် အရမ်းကောင်းမှာပါ"ဟု ဒါရိုက်တာ ကိုလယော်ခေါင်ဇယ်က ပြောသည်။

ထို ရုပ်ရှင်ဇာတ်ကားကို လွန်ခဲ့သည့် သုံးနှစ်ကျော်က ရိုက်ကူးခဲ့ပြီး ကချင်ပြည်နယ် ပန်ဝါဒေသ၊ ဖရဲဒေသများတွင် ရိုက်ကူးခဲ့ကာ ရိုက်ကူးချိန်စုစုပေါင်း တစ်လခန့်ကြာမြင့်ခဲ့သည်ဟု ကိုလယော်ခေါင်ဇယ်က ပြောသည်။

ထိုဗီဒီယိုဇာတ်ကားကို မြစ်ကြီးနား၊ ဝိုင်းမော်၊ လိုင်ဇာမြို့များနှင့် ရှမ်းပြည်နယ်များရှိ အရောင်းကိုယ်စားလှယ်များထံ ဖြန့်ချိလိုက်ပြီ ဖြစ်ကြောင်း ကချင်ဝေါလ် ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေး ဦးလယော်ခေါင်ဇယ်ထံမှ သိရသည်။

ဆိုင်း(ကချင်မြေ)


## လူပျောက်ကြော်ငြာ



လီရန်လင် အသက် ၇၂ နှစ်(၁၀.၃.၁၉၄၇)၊ မှတ်ပုံတင်အမှတ် (၅၃၃၁၂၁၁၉၄၇၀၃၁၀၀၂၁၁)
အရပ် ၁၇၈ cm ၊ ကိုယ်ထည်ထောင်ထောင်မောင်းမောင်း၊ မျက်နှာ လေးထောင့်၊ မျက်လုံးကြီးကြီး၊
မျက်ခုံးမွှေးထူ၊ ဖြူဖွေးစီရီသောသွားပြုံးရယ်ခြင်းကိုနှစ်သက်သည်၊ယူနန်ပြည်နယ်၊
တက်ဟုန်းပြည်နယ်ခွဲ၊ မန်ရှီမြို့ သကြားစက်ရုံမှပင်စင်ယူသည်၊ ဘယ်ဖက်လက်ညှိုးတွင်
လက်သည်းတစ်ဝက်သာရှိသည်၊ လည်ပင်း၏ညာဖက်တွင်ကြွက်နို့များပေါက်သည်၊ စကားပြောလျှင်
ယူနန်ပေါင်ရှန်းလေသံပေါက်သည်၊ ရှမ်းစကားတတ်သည်၊ တရုတ်(ပြည်မကြီး)စကားတတ်သည်၊
ပျောက်ဆုံးနေသည်မှာ၁၇ နှစ်တိုင် ကြာမြင့်နေပြီဖြစ်သည်၊ လီရန်လင်သည် ၂၀၀၁ခုနှစ်
ဒီဇင်ဘာလ ၁၇ ရက် က ပျောက်ဆုံးချိန်တွင် စိတ်ပုံမှန်ရှိသည်၊ မှတ်ပုံတင်ကိုင်ဆောင်သွားသည်၊
လွန်ခဲ့သောနှစ်များတွင် ပျောက်ဆုံးသူကို မိုင်ဂျာယန်တွင် တွေ့သည်ဟု အချို့ပြောကြသည်၊
ဇနီးဖြစ်သူသည် ၂၀၀၈ ခုနှစ် ၃လပိုင်းတွင်ဆုံးပါးသွားပြီဖြစ်ပြီး ယခုအခါအသက် ၄၀ အရွယ်ရှိသော
သမီး ၂ ယောက် ကျန်ရှိနေသေးသည်၊ **အကယ်၍ ပျောက်ဆုံးသူဖခင်အားရှာဖွေတွေ့ရှိသူကို**
**ငွေကြေးအမြောက်အများဖြင့် ကျေးဇူးဆပ်ပါမည်၊**



**သမီးလီဟုန် - ဖုန်း-၁၃၈၀၈၇၀၀၈၀၃၊ သမီးလီလီ - ဖုန်း- ၁၈၀၈၈၂၀၀၂၅၆**
**တက်ဟုန်းပြည်နယ်ခွဲ၊ ကုန်သည်ကြီးများအသင်း၊ မြစ်ကြီးနားမြို့၊ ဖုန်း - ၀၉၂၅၈၇၉၈၉၈၁**






# ဒုတိယအကြိမ်မြောက် Kachin Fashion Music Festival ပွဲကျင်းပမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၇

ကချင်အနုပညာရှင်များ ဗဟိုကော်မတီအသင်းချုပ်မှ ဦးဆောင်ပြုလုပ်သော ဒုတိယအကြိမ်မြောက် Kachin Fashion Music Festival 2018 ပွဲကြီးကို မြစ်ကြီးနား မနောင်ကွင်း၌ ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို Memories and Melody Theme အနေဖြင့် ကျင်းပသွားမည်ဖြစ် သောကြောင့် ၁၉၉၀-၂၀၀၀ ခုနှစ်များအတွင်းက ရေပန်းစားခဲ့သော သီချင်းများကို ပြန်လည်သီဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်အနုပညာရှင်များ အသင်းချုပ်မှ အကဆပ်ကော်မတီ၊ ပန်းချီဆပ်ကော်မတီ အစရှိသော ဆပ်ကော်မတီ ၆ ခုတို့မှ ပူးပေါင်းပါဝင်သွားမည် ဖြစ်၍ အရင်နှစ်နှင့်မတူသော အစီအစဉ်များ ပါဝင်လာမည် ဖြစ်ကြောင်း ပွဲစီစဉ် ဦးစီးသူ၊ ကချင်အနုပညာရှင်များ အသင်းချုပ်မှ လက်ထောက်အတွင်းရေးမှူး အဆိုတော် မရန်ဆိုင်းနော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခါကကတော့ မနှစ်က နဲ့တော့ မတူတဲ့ဟာတွေ ပါလာမယ်၊ ပြီးတော့ Music ပိုင်းမှာဆိုရင်လည်း Memories and Melody Theme နဲ့ ရည်ရွယ်ထားတဲ့အတွက် အရင်တုန်းက နာမည်ကြီးခဲ့တဲ့ သီချင်းဟောင်းတွေကို ပြန်ဆိုမယ်။ မနှစ်တုန်းကလို သီချင်းတွေပြန်ဆိုမယ်။ Fashion Show တွေလျှောက်မယ်။ ပန်းချီပြတာတွေပါလာမယ်။ အကတွေ ရောပါမယ်၊ စာပေနဲ့ဆိုင်တဲ့ ဟာပြသသွားဖို့ ရှိတယ်။ ဇာတ်ကားနဲ့ဆိုင်တဲ့ဟာတွေ၊ ပြည်သူတွေတစ်နေရာထဲမှာပဲ ကြည့်ရှုနိုင်အောင် စီစဉ်ထားပါတယ်။ အခါကကတော့ Theme တွေလည်း ပြောင်းသွားတော့ Performance တွေကတော့ ပြောင်းသွားမယ်"ဟု မရန်ဆိုင်းနော်က ပြောသည်။

ဖက်ရှင်ရှိုးအတွက် ဝတ်စုံဒီဇိုင်းများကို ဖန်တီးပေးမည့် ဒီဇိုင်နာများမှာ အဖွဲ့ဝင် ၇ ယောက်ပါဝင်သော One 1Ness Group မှ နာမည်ကြီး ဒီဇိုင်နာ Ah Latt Lumyang, Senglat (Maka),Y-Stone (Yaw bawm), Lazing Gam Htoi, Zaw Seng (Man made), Ah Put နှင့် Mr. Jet (Laiza) တို့ ဖြစ်ကြပြီး ယင်းဝတ်စုံများကို ကချင်ပြည်နယ်မှ နိုင်ငံတကာ Miss ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင် Miss များနှင့် ကချင်သရုပ်ဆောင်မင်းသမီးများက ဝတ်ဆင်ပြသသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ထိုပွဲ ကျင်းပရခြင်းမှာ ကချင်အနုပညာရှင်များ အသင်းချုပ်ရုံး တည်ဆောက်ရေးရန်ပုံငွေရရှိရန်ကျင်းပခြင်းဖြစ်ကြောင်းသိရပြီး Kachin Fashion Music Festival 2017 ပွဲကြီးကို ၂၀၁၇ ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည်။

Benadeth

# Mayu Dama Kahpu Kanau အမည်ရကချင်ဇာတ်ကားကို မကြာမီ ကြည့်ရှုနိုင်တော့မည်



မြစ်ကြီးနား၊ နိုဝင်ဘာ ၇

ကချင်အနုပညာရှင်များ အသင်းချုပ်၊ သရုပ်ဆောင်ဆပ်ကော်မတီမှ ပထမအကြိမ် ဦးဆောင်ရိုက်ကူးသော Mayu Dama Kahpu Kanau အမည်ရ ကချင်ဇာတ်ကား ရိုက်ကူးပြီးစီးပြီဖြစ်၍ ပရိသတ်များ မကြာမီ ကြည့်ရှုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ဇာတ်လမ်း-ဒေါင်လွတ်၊ ဇာတ်ညွှန်း- ဂေါ့လူတူးရိန်တို့ ရေးသားထားပြီး ဒါရိုက်တာ ချန်းဆောင်ယိန်းက ပုံဖော်ရိုက်ကူးထားသော ယင်းဇာတ်ကားသည် မိသားစုဝင်များသော အိမ်ထောင်တစ်ခုတွင် ဖြစ်တတ်သော ပြဿနာများကို Drama,ဟာသနှင့်ဝမ်းနည်းဖွယ်ရာ ဇာတ်ဝင်ခန်းများ ပေါင်းစပ်ကာ ရိုက်ကူးထားကြောင်း သရုပ်ဆောင် ဆပ်ကော်မတီမှ တာဝန်ခံ Laja Zau Doi Hkawng က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီဇာတ်ကားက Mayu Dama Kahpu Kanau ဆိုတဲ့အတိုင်း ဇာတ်လမ်းက ကျွန်တော်တို့ ကချင်ရိုးရာ သားရှင်၊ သမီးရှင် (Mayu Dama) ရှိတဲ့တိုင်း သူတို့ကြားက ဖြစ်တတ်တဲ့ပြဿနာလေးတွေ၊ ညီအစ်ကိုအချင်းချင်းမှာရော ဖြစ်တတ်တဲ့ ပြဿနာတွေကို သင်ခန်းစာယူပြီး ဘယ်လိုနေထိုင်ရင် ပိုပြီးအဆင်ပြေမယ်ဆိုတာတွေကို ရိုက်ထားတယ်။ ပြီးတော့ မိသားစုတစ်ခုမှာပေါ့။ ညီအစ်ကို မောင်နှမ များတယ်၊ အဲ့ဒီညီအစ်ကိုတွေက ပြန်ယူထားတဲ့မိန်းမတွေရှိမယ်။ အဲ့လိုပုံစံပါမယ်။ မိသားစုထဲမှာ အချင်းချင်း ဘယ်လို သင့်မြတ်အောင် နေထိုင်ရမယ်ဆိုတဲ့ Message ကို ပေးချင်တာပါ"ဟု Laja Zau Doi Hkawng က ပြောသည်။

ယခု ဇာတ်ကားသည် သရုပ်ဆောင်ဆပ်ကော်မတီ၏ ဒုတိယသက်တမ်းတွင် ပထမဆုံးရိုက်ကူးထားပြီး ပါဝင်သရုပ်ဆောင်ထားသူများက အခကြေးငွေမယူဘဲ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"အခကြေးငွေမယူဘဲ စေတနာနဲ့အချိန်ပေးပြီး ကြိုးစားရိုက်ကူးပေးတဲ့အတွက် သရုပ်ဆောင် အယောက်စီတိုင်းကိုလည်း ကျေးဇူးတင်တယ်။ ပရိသတ်တွေအနေနဲ့လည်း ကိုယ်ချစ်တဲ့ ကချင်အနုပညာရှင်အများစုကို ဒီဇာတ်ကားထဲမှာ တွေ့ရမှာဖြစ်တဲ့အတွက် ပျော်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့လည်း အချိန်တိုအတွင်းမှာ အကောင်းဆုံးကြိုးစားထားတဲ့အတွက် ဒီကားကြည့်ပြီးတော့ ပညာတစ်ခုခုရမယ်လို့ယုံကြည်ပါတယ်။ ပြီးတော့ ဒီကားထွက်လာရင် ကြည့်ပြီး အကြံပေးကြပါ" ဟု လဂျားဇော်ဒွဲခေါင်က ဆက်လက်ပြောသည်။

အဆိုပါ ဇာတ်ကားတွင် အဓိကသရုပ်ဆောင်များ အနေဖြင့် ဝါရင့်သရုပ်ဆောင် အင်ဖန်းဂျာရာ၊ အင်ခွန်နော်မိုင်၊ လဖိုင်ခွန်းအောင်၊ လဂျားဇော်ဒွဲခေါင်၊ S ဘရန်ဂျာ၊ D ခင်ရမ်၊ လထော်ဂျာတောင်၊ စောမ်စောမ်ပန်၊ M ဂျာအောင်၊ လခရီဂျာဆိုင်းအိန်၊ NT ဆိုင်းနွယ်၊ လဘောင်ဇမီ၊ အင်ခွန်ကွန်မိုင်(တာကော)၊ ဂေါ်လူတူးရိန်၊ Jum အဖွဲ့နှင့် ကချင်အနုပညာရှင်ပေါင်း များစွာ ပါဝင် သရုပ်ဆောင်ထားသော ဇာတ်ကားတစ်ကား ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ဆပ်ကော်မတီ၏ လှုပ်ရှားမှုတစ်ရပ် အနေဖြင့် ပထမဦးဆုံးရိုက်ကူးသော ၎င်းဇာတ်ကားကို ဒီဇင်ဘာလမှစတင်၍ ကချင်ပြည်နယ်အတွင်းရှိ မြို့ရွာများတွင် Projector စနစ်ဖြင့် ဦးစွာပြသပြီး ဒီဗွီဒီခွေများဖြင့် ပြန်လည်ဖြန့်ချိနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Benadeth